# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၃) ရက် ၊ ကြာသပတေးနေ့ ၊ (15-6-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၊ ရှုပ်ရှုပ်ချုံချုံရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြား



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ ကုလားတန်ဘက်ရုံသုံးဆိပ်ကမ်း၌ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇွန် ၁၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ

၂၀၁၂ ခုနှစ် ဇွန် ၁၅ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂုဏ်ကိုမြှင့်တင်သည့် မသန်စွမ်းအားကစားသမားများ

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော မြန်မာမသန်စွမ်းအားကစားသမားများ ဇွန် ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ လေဆိပ်တွင် သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည့်မြင်ကွင်းမှာ ဝမ်းမြောက်ကြည်နူးဖွယ်ပင်ဖြစ်သည်။ မသန်သော်လည်း စွမ်းဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားသမားများသည် အာဆီယံနိုင်ငံများမှ ပြိုင်ဘက်များနှင့်ယှဉ်ပြိုင်ကာ မိမိတို့၏စွမ်းဆောင်ရည်များဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့ခြင်းပင်ဖြစ်ပေသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ဇွန် ၃ ရက်မှ ၉ ရက်ထိကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအသင်းမှ ရေကူးအားကစားနည်းတွင် ကျား ၁၀ ဦး၊ ပြေးခုန်ပစ်အားကစားနည်းတွင် ကျား၊ မ ၂၅ ဦး၊ အလေးမအားကစားနည်းတွင် ကျား၊ မ ခုနစ်ဦး၊ ဘော်လီဘောအားကစားနည်းတွင် ကျား ၁၂ ဦး၊ ဂိုးလ်ဘောအားကစားနည်းတွင် ကျားခြောက်ဦး၊ စားပွဲတင်တင်းနစ်အားကစားနည်းတွင် ကျားနှစ်ဦး၊ စစ်တုရင်အားကစားနည်းတွင် ကျား ခြောက်ဦး၊ ဘောလုံးအားကစားနည်းတွင် ကျား ၁၄ ဦး စုစုပေါင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၀ ခု၊ ပြေးခုန်ပစ်အားကစားနည်းတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု၊ ဂိုးလ်ဘောအားကစားနည်းတွင် ကြေးတံဆိပ်တစ်ခု၊ စစ်တုရင်အားကစားနည်းတွင် ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခုရရှိပြီး နိုင်ငံအလိုက် အဆင့် (၆) ရရှိခဲ့သည်။

မသန်စွမ်းသူများဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတစ်ခုခု ချို့ယွင်းနေသော်လည်း ကျန်အပိုင်းများက မချို့ယွင်းဘဲ ပိုမိုကောင်းမွန်၊ ပိုမိုထက်မြက်၊ ပိုမိုသန်စွမ်းနေလေ့ရှိတတ်သည်။ မိမိတို့၏အားသာချက်ကို ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စွမ်းရည်မြင့်မားအောင်မြှင့်တင်ကာ မသန်သော်လည်း စွမ်းဆောင်နိုင်သူများ ကမ္ဘာတစ်ဝန်းတွင်ရှိနေကြသည်။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲဝင် မြန်မာမသန်စွမ်းအားကစားသမားများအနေဖြင့်လည်း မိမိတို့၏စွမ်းရည်ကိုပြသကာ ဒေသတွင်းနိုင်ငံများကြား နိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်ခဲ့ကြပေသည်။

အားကစားဆိုသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်များအပေါ်တွင် မူတည်လျက်ရှိပေသည်။ ထို့ကြောင့် စွမ်းရည်ပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်မှာ အားကစားမောင်မယ်တို့၏တာဝန်ပင်ဖြစ်သည်။ ထို့ပြင် မိမိတို့၏ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ခြင်းဖြင့် အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ပခုံးထက်တွင် ရှိနေပေသည်။ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့်ခံယူချက်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခု မသန်စွမ်းအားကစားသမားများသည်လည်း မိမိအသင်း၊ မိမိနိုင်ငံ၏ဂုဏ်ကို အားကစားစိတ်ဓာတ်အပြည့်ဖြင့် မြှင့်တင်ပေးခဲ့ကြသူများဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

## မန္တလေးစျေးကွက်တွင် ပြောင်းဖူး(ရှမ်း)များအရောင်းအဝယ်ကောင်းမွန်၍ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၅၀၀ ထိ ပေါက်စျေးရှိလာ

**မန္တလေး ဇွန် ၁၄**

မန္တလေး စျေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်၍ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၅၀၀ ထိ ပေါက်စျေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြောင်းဖူး(ရှမ်း)များ မန္တလေး စျေးကွက်အတွင်း ဇွန်လဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ထိုသို့ ရှမ်းပြည်နယ်ဘက်မှ အများဆုံးထွက်ရှိသည့် ပြောင်းဖူး (ရှမ်း)များ မန္တလေးစျေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် စျေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်တွင်းစျေးကွက်အတွင်းမှာ အခုတစ်လော ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ပြောင်းဖူး (ရှမ်း)တွေတော့ မရှိသေးပါဘူး။ လက်ကျန်ပြောင်းဖူး(ရှမ်း)တွေဝယ်ယူမှု တော်တော်လေးများလာပြီး မန္တလေး စျေးကွက်ထဲမှာ စျေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး စျေးကွက်အတွင်း၌ ဇွန်လပထမပတ်က ပြောင်းဖူး (ရှမ်း)စျေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ စျေးနှုန်းသာရှိခဲ့သော်လည်း ဇွန် ၁၃ ရက်ပေါက်စျေးအရ ပြောင်းဖူး (ရှမ်း) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၅၀၀ ထိပေါက်စျေးရှိလာကြောင်း သိရသည်။

အလားတူ ပြောင်းဖူး(CP) စျေးနှုန်းမှာ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ထိပေါက်စျေးရှိကြောင်း သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေ



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက် တောင်သူများကို ဇွန်လ ပထမပတ်မှစ၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးစရိတ်ချေးငွေများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းပြီး ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ကေများ စိုက်ပျိုးသောမြို့နယ်များရှိ တောင်သူများကို ချေးပေးနေကြောင်း၊ ထိုသို့ချေးငွေများကို ချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ဇွန်လပထမပတ်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ တောင်သူဦးရေ ၃၀ ၏ စိုက်ဧက ၅၄ ဧကအတွက် ငွေကျပ် ၇၅ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ကျန်တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"အခုနှစ်မှာ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးတဲ့ တောင်သူတွေကို ချေးငွေထုတ်ချေးပေးနေပါတယ်။ ဒီချေးငွေအစီအစဉ်က တစ်နိုင်ငံလုံးအနေနဲ့ ချေးပေးနေတာပါ။ ကျောက်ဆည်မြို့နယ်က တောင်သူတွေကိုတော့ ချေးပေးပြီးပါပြီ။ တစ်ဧကကို ၁၅၀၀၀၀ နှုန်းနဲ့ပါ။ တိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်တဲ့ မြို့နယ်တွေက တောင်သူတွေကို ချေးပေးသွားမှာပါ။ ကေပြည့်စိုက်ကွက်တွေကို ချေးပေးတာပါ။ ဝါစိုက်ပျိုးတဲ့ တောင်သူတွေကို ဝါသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်ရရှိစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ချည်မျှင်ရှည်ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ တစ်ရာသီလုံး စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်ပျိုးကေများအတွက် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တောင်သူများကို ထုတ်ချေးပေးလျက်ရှိရာ ယခုအခါ ကျောက်ဆည်မြို့နယ်ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ညောင်ဦး၊ ပုသိမ်ကြီးနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်စိုက်တောင်သူများကို ဆက်လက်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

## မန္တလေးမြို့ ကားကြီးကွင်းငါးကွင်းအတွင်း၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့ ကားကြီးကွင်း ငါးကွင်းအတွင်း၌ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ ကားကြီးကွင်း ငါးကွင်းဖြစ်သည့် ချမ်းမြရွှေပြည်ကားကြီးကွင်း၊ မဟာအောင်မြေကားကြီးကွင်း၊ ပြည်ကြီးမျက်ရှင်ကားကြီးကွင်း၊ ဒေါနဘွားကားကြီးကွင်းနှင့် သီရိမန္တလာကားကြီးကွင်းအတွင်းမှ လိုက်ပါစီးနင်းမည့်ခရီးသွားများ အပါအဝင် ခရီးသည်တင်ယာဉ်များနှင့် သုံးဘီးယာဉ်များ ကားကွင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အခွန်ဌာနနှင့် ကားကြီးကွင်းများ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် ဇွန် ၁၃ ရက်မှစ၍ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကားကြီးကွင်းတွေထဲမှာ ခရီးသည်တင်ယာဉ်တွေအပါအဝင် ခရီးသည်တင်သုံးဘီးယာဉ်တွေနဲ့ ပြည့်နှက်ပြီး ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေဖို့အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ အဓိကကတော့သုံးဘီးယာဉ်တွေကားကွင်းအတွင်းမှာ ခရီးသည်အတင်၊ အချပြုလုပ်ပြီး တန်းထွက်ဖို့ပါ။ အချိန်ကြာမြင့်စွာရပ်နေတဲ့သုံးဘီးယာဉ်တွေကိုလဲ အထူးကြပ်မတ်ထိန်းသိမ်းမှုလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့ရှိ ကားကြီးကွင်းငါးကွင်းမှ လိုက်ပါစီးနင်းမည့်ခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် သက်ဆိုင်ရာကားကွင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကားကွင်းများအတွင်း ခရီးသည်တင်ယာဉ်များတစ်စီးနှင့်တစ်စီး ပိတ်ဆို့ရှုပ်ထွေးမှုများမရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါက်ခေါင်းမြို့နယ် ဝက်တိုး(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်တိုး(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များအကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝက်တိုး(မြောက်)ကျေးရွာရှိ မြေပဲနှမ်းစိုက်ပျိုးသောတောင်သူဦးရေ ၅၀ နှင့် အခြားသီးနှံစိုက်ပျိုးသောတောင်သူ နှစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဓါနုသံဃာ့ဆေးရုံကြီးတွင် နှစ်ဖက်မိဘများအမှူးထား၍ မန္တလေးမြို့နေ အလှူရှင် ကိုဥက္ကာစွဲလွင်-မယွန်းမိမိကျော်တို့က သား မောင်အုံ့မစန်းမောင် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၁၇၈ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၁၇၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၆၂ ဧကနှင့်အစေ့ထုတ်ပြောင်း ၁၆ ဧက စုစုပေါင်း ၂၁၇၈ ဧကကို ယခုနှစ် ဇူလိုင်လအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် မြေယာပြုပြင်သည့်လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ ဖူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း ၂၁၇၈ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပြောင်းသီးနှံဟာ နှစ်စဉ်နှစ်တိုင်း စိုက်နေကျသီးနှံဖြစ်တဲ့အတွက် တောင်သူတွေအတွက် အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ ပတ်သက်လို့လဲ ရှုတ်တရက်ကျရောက်ရင် ဖြေရှင်းဖို့ကို သင်တန်းတွေ ပေးထားပြီးဖြစ်တယ်။ ပြောင်းသီးနှံတွေအပါအဝင် မိုးကာလမှာစိုက်မဲ့ သီးနှံအားလုံးကို လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံများကို စုစုပေါင်းကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများက အများဆုံး စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ အဆိုပါပြောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့်ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကွတ်ခိုင်မြို့နယ်၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ

**ကွတ်ခိုင် ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားမည့် သင်ခန်းစာများကို ကြိုးစား၍ လေ့လာသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ကွတ်ခိုင်မြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာက လက်သမား၊ ပန်းရန်ပညာရပ်များကို ဇွန် ၁၃ ရက်မှ ၂၆ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်ထံမှ သိရသည်။

**အောင်ရဲကျော်**

# ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


**ပွင့်ဖြူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ပေါက်ကုန်းကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ၉၅၉ ပေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ၄၀၀ ဗို့အားလိုင်း ၉၅၉ ပေ သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၃၅ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**



# လူးတားကဗျာသမိုင်း(၂)

ဗိုလ်ရှိတ်(ရတနာပူရ)

❖ ရှင်ဥတ္တမကျော်သည် ပထမအင်းဝခေတ်တွင် ထင်ရှားသောစာဆိုတော်ကြီးဖြစ်သည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့နှင့်အပြိုင်ထင်ရှားခဲ့သော စာဆိုတော်ကြီးဖြစ်သည်။ ပုဂံဘွဲ့လူးတားကို ရှင်ဥတ္တမကျော်ရေးသည်ဟုဆိုသောကြောင့် လူးတားကဗျာများတွင် ရှင်ဥတ္တမကျော်ရေးသားခဲ့သော ပုဂံဘွဲ့လူးတားသည် အစောဆုံးဖြစ်သည်ဟု ဆိုရပါမည်။ ရှင်ဥတ္တမကျော်ကိုလည်း ပထမဆုံးလူးတားစာဆိုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။ ထို့ကြောင့် လူးတားသည် ညောင်ရမ်းခေတ်၊ တောင်ငူခေတ်တို့ထက်စောသော ပထမအင်းဝခေတ်တွင် စတင်ပေါ်ထွန်းခဲ့သည်ဟု ဆိုရပါမည်။ ❖

**လူးတား စာရင်း**

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် စာဆိုတော်အသီးသီးတို့ရေးသားခဲ့သော လူးတားကဗျာများစွာပေါ်ထွန်းခဲ့မည်ဖြစ်သည်။ သို့သော်လည်း ထိုလူးတားများစွာကို ယခုအခါ ပြည့်ပြည့်စုံစုံတွေ့ရတော့မည်မဟုတ်ပေ။ သဘာဝဘေး၊ နယ်ချဲ့ကျူးကျော်ဘေး၊ မီးဘေး၊ မသမာသူတို့က နိုင်ငံခြားသို့ ခိုးထုတ်ရောင်းချခြင်းဘေး စသည့်ဘေးအသီးသီးတို့ကြောင့် ရှေးစာများမှတ်တမ်းတင်ထားသည့် ပေ၊ ပုရပိုက်တို့မှာ ပျောက်ကွယ်ပျက်စီးမှုများရှိခဲ့သည်။ ထို့ကြောင့် ရှေးကရှိခဲ့သမျှလူးတားအပြည့်အစုံကို ယခုရှာဖွေတွေ့ရှိရန် မလွယ်ကူတော့ပေ။

လူးတားကဗျာများကို အစောဆုံးစာရင်းပြုစုခဲ့သူမှာ မိုင်းခိုင်းမင်းကြီး ဦးယမ်ဖြစ်သည်။ ဦးယမ်၏ ပိဋကသုံးပုံသမိုင်းတွင် လူးတားစာရင်းကို ၁၀ စောင်ထိ ပြဆိုထားသည်။ ထို့နောက်တွင် ပုဂံဝန်ထောက်မင်းဦးတင်ကလည်း ကဗျာဗန္ဓသာရကျမ်းတွင် လူးတားစာရင်းပြုစုထားခဲ့သည်ကို တွေ့ရသည်။ ပုဂံဝန်ထောက်မင်းဦးတင်၏စာရင်းတွင် လူးတားစောင်ရေ ၁၆ စောင်ထိ ပြဆိုထားသည်ကို တွေ့ရသည်။ ဆရာကြီးပါမောက္ခဦးချမ်းမြပြုစုသော "ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတား"စာအုပ်တွင် လူးတားစောင်ရေ ၂၁ စောင်ထိ ပြဆိုထားသည်။ ယခုလက်ရှိတွင် ဆရာကြီးဦးချမ်းမြ၏ စာရင်းသည် အပြည့်စုံဆုံး၊ အများဆုံးစာရင်းဖြစ်သည်။

သို့သော်လည်း လူးတားကဗျာများမှာ ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါသေးသည်။ ကျွန်တော်ရှာဖွေစုဆောင်းထားသော ပေ၊ ပုရပိုက်များတွင်လည်း လူးတားများကို ထပ်မံတွေ့ရှိရသည်။ ထို့ကြောင့် ဆရာကြီး ဦးချမ်းမြ၏လူးတားစာရင်းကို အခြေခံပြီး ကျွန်တော်ရှာဖွေစုဆောင်းထားသောလူးတားများပါ စုစည်းထည့်သွင်း၍ လူးတားစာရင်းကို ဖော်ပြပါမည်။

ထူးထွေလည်ဆန်းစွလေချီ ဆယ့်နှစ်ရာသီဘွဲ့လူးတား(နဝဒေးကြီး)၊ ရစ်သိုင်းဝေဆာချီ ဆယ့်နှစ်ရာသီဘွဲ့လူးတား(ပဲခူးမိဖုရား)၊ သာစွလေချီ အင်းဝမြို့ဘွဲ့လူးတား(ဆီသည်ရွာစား ဦးအောင်ကြီး)၊ အလောင်းမင်းတရားကြီး ယိုးဒယားချီလူးတား(စိန္တကျော်သူဦးဩ)၊ ရတနာရွှေဖောင်တော်ဘွဲ့လူးတား (ပုံချီရွှေတောင်)၊ သိင်္ဂုတ္တရာစုန်ဖောင်တော်ဘွဲ့လူးတား (ပုံချီရွှေတောင်)၊ အင်းဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတား(ဦးယာ)၊ အလောင်းစည်သူလူးတား(ရွှေကျောင်းဦးပု)၊ တောကစားထွက်လူးတား(တွင်းသင်းတိုက်ဝန်ဦးထွန်းညို)၊ တက်ရေး ၃၇ ချင်းလူးတား (တွင်းသင်းတိုက်ဝန်ဦးထွန်းညို)၊ စားရေး ၃၇ ချင်းလူးတား (တွင်းသင်းတိုက်ဝန်ဦးထွန်းညို)၊ စားရေး ၃၇ ချင်းလူးတား(နန္ဒမိတ်)၊ စားရေး ၃၇ ချင်းလူးတား(ဝက်မစွတ်နဝဒေး)၊ ရေသဘင်ပွဲတော်တရားပြလူးတား(ဦးပေါ်ဦး)၊ ရာဇဝင်လူးတား(အမည်မသိ)၊ မင်္ဂလာလူးတား(ရွှေယင်းမာရွာစား)၊ ဝဋ်တော်ခန်းလူးတား(အမည်မသိ)၊ ဝေသာလီချီလူးတား(အမည်မသိ)၊ အောင်မျို့မင်္ဂလာချီလူးတား(အမည်မသိ)၊ အဲမောင်း ၃၇ ချင်းလူးတား(မဟာဓမ္မသင်္ကြံ)၊ ဆူဆူရောင်လျှံချီလူးတား(မောင်မင်း)(ကျွန်တော့်ထံ ပေမူရှိသည်။) သမီးတော်နားထွင်းမင်္ဂလာလူးတား(ကင်းဝန်မင်းကြီး)၊ သမီးတော်နားထွင်းမင်္ဂလာလူးတား (ဝက်မစွတ်ဝန်ထောက်)၊ တစ်ဆယ့်နှစ်ခွေချီ ဆယ့်နှစ်ရာသီဘွဲ့လူးတား(အမည်မသိ)၊ သပြေလက်ာချီလူးတား(အမည်မသိ)၊ ဒီပါကျွန်းခွင်ချီလူးတား(အမည်မသိ)၊ ဟေမာကုန်ကျွမ်းချီလူးတား(အမည်မသိ)၊ လေးကျွန်ချက်ဝွေချီလူးတား(အမည်မသိ)၊ ရစ်လည်ခွေ၍ချီလူးတား(အမည်မသိ)၊ တန်ခူးပေါ်တက်ချီလူးတား(အမည်မသိ)၊ ပုထိုးတော်ကြီးဘွဲ့လူးတား(လက်ဝဲသုန္ဒရ)၊ လှေလှော်နည်း ၃၇ ချင်းလူးတား၊ ရသော်လူးတား၊ ဝိပါတ်တော်လူးတား၊ ကမ္မာပျက်လူးတား၊ ပုဂံလူးတား၊ တောင်တွင်းကြီးရာဇဝံသလူးတား(ဝက်မစွတ်နဝဒေး)၊ ရွှက်ညှာလေလိုက်ချီလူးတား(အမည်မသိ)တို့ဖြစ်သည်။

ယခုစာရင်းသည် ကျွန်တော်စုဆောင်းရရှိထားသမျှစာရင်းဖြစ်သည်။ လူးတားစောင်ရေကို ၃၈ စောင်ထိ စာရင်းပြုစုထားသည်။ ဤစာရင်းတွင်မပါဘဲ ကျန်ရှိနေသော၊ တိမ်မြုပ်နေသောလူးတားများလည်းရှိနိုင်သည်။

**အစောဆုံးလူးတား**

လူးတားစာရင်းကို ၃၈ စောင်ထိ ပြုစုနိုင်ခဲ့ပြီဖြစ်ပြီး ဆက်လက်လေ့လာရန်မှာ အစောဆုံးလူးတားသည် မည်သည့်လူးတားဖြစ်သည်ကို လေ့လာရန်လိုပါသည်။ ယခင်က အစောဆုံးလူးတားကို ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက် ဆီသည်ရွာစားဦးအောင်ကြီး ရေးဖွဲ့ခဲ့သော အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားကို အစောဆုံးလူးတားအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသတ်မှတ်ချက်အတိုင်းသာလျှင် အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားသည် အစောဆုံးလူးတားဖြစ်ပြီး ဆီသည်ရွာစားဦးအောင်ကြီးသည် အစောဆုံးလူးတားစာဆိုအဖြစ် မှတ်သားခဲ့ကြသည်။

**တောင်ငူခေတ်ထိ**

ရှေးဟောင်းသုတေသီတို့က လူးတားကဗျာများကို ဆက်လက်ရှာဖွေရာတွင် ညောင်ရမ်းခေတ်ထက်စောသော လူးတားနှစ်စုံကို ထပ်မံတွေ့ရှိခဲ့ပါသည်။ ထိုလူးတားနှစ်စုံမှာ တောင်ငူခေတ် ပြည်နဝဒေးကြီးရေးသားသည့် "ထူးထွေလည်ဆန်းစွလေ"ချီလူးတားနှင့် ပဲခူးမိဖုရားရေးသားသည့် "ရစ်သိုင်းဝေဆာ"ချီလူးတားတို့ဖြစ်သည်။ ထိုဆယ့်နှစ်ရာသီဘွဲ့လူးတားနှစ်ပုဒ်သည် ဆီသည်ရွာစားဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားထက် စောပေသည်။ ထို့ကြောင့် လူးတားသည် တောင်ငူခေတ်တွင် စတင်ပေါ်ထွန်းခဲ့ပြီး နဝဒေးကြီးနှင့် ပဲခူးမိဖုရားတို့သည် အစောဆုံး လူးတားစာဆိုတို့အဖြစ် မှတ်တမ်းတင်ရန်ရှိသည်။

နဝဒေးကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် တစ်လတစ်ပုဒ်နှုန်း ရေးဖွဲ့ထားခြင်းမဟုတ်ဘဲ လေးလကို တစ်ပုဒ်နှုန်းဖြင့်သာ ရေးဖွဲ့ထားသည်။ ထို့ကြောင့် နဝဒေးကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် ပိုဒ်ရေ သုံးပိုဒ်သာရှိသည်။

ပဲခူးမိဖုရားမှာ ထိုသို့မဟုတ်ပေ။ တစ်လကို တစ်ပုဒ်နှုန်းဖြင့် ရေးဖွဲ့ထားသည်။ ထို့ကြောင့် ပဲခူးမိဖုရား၏ လူးတားသည် ဆယ့်နှစ်ပိုဒ်ရှိလေသည်။ ဤလူးတားနှစ်စောင်ကို အထောက်အထားပြု၍ လူးတားအစတောင်ငူခေတ်ကဟု ဆိုနိုင်သည်။

**ရှင်ဥတ္တမကျော်နှင့် ပုဂံလူးတား**

လူးတားများတွင် "လူးတိလေ"အစချီသော ပုဂံလူးတားတစ်စောင်ရှိသည်။ ပုဂံလူးတားမှာ လူးတားရှည်ကြီးတစ်စောင်ဖြစ်သည်။ ပိုဒ်ရေ ၄၅ ပိုဒ်တိတိပါသည်။ ပုဂံလူးတားသည် ပုံနှိပ်မှုဖြင့် ထုတ်ဝေထားခြင်းမရှိပေ။ လက်နှိပ်စက်မှုဖြင့် တိမ်မြုပ်နေသောလူးတားတစ်စောင်ဖြစ်သည်။ ပုဂံလူးတားသည် မည်သည့်ခေတ်က ရေးသားပြုစုခဲ့သည်ကို မသိရပေ။ နိဂုံး၌ ပေကျူးနှစ်ကို "ပုဂံလူးတား ၄၅ ပိုဒ်ကိုငင်း ၁၁၅၄ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက် ၂ နေ့(၁၇၉၂ ခု၊ ဇူလိုင်လ ၁၀ ရက်) နှစ်ချက်တီးအချိန်တွင် ရေးကူး၍ ပြီးပြည့်စုံသည်"ဟူ၍ ရေးသားပါရှိသဖြင့် ဘိုးတော်ဗဒုံမင်းလက်ထက် ရေးကူးခဲ့သောလူးတားဖြစ်ကြောင်း သိရသည်။ စာရေးသူအမည်မပါရှိသဖြင့် ပုဂံလူးတားရေးသားသူကို မသိရပါ။

သို့သော်လည်း ဆရာကြီး ဦးဖေမောင်တင် ပြုစုသော မြန်မာစာပေသမိုင်းတွင် ပုဂံလူးတားကိုရှင်ကရဝိကရေးသည်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ ဆရာကြီး၏အလိုမှာ "ရှင်ကရဝိကသည် ပုဂံမြို့ဘွဲ့လူးတားကိုလည်း ရေးသေးသည်ဟု အဆိုရှိသည်။ ဤလူးတားကို ရှင်ကရဝိက ရေးခဲ့ကြောင်းထင်ရှားသော်လည်း ယခုအခါတွင် ဤလူးတားစာကိုမတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ပင်တည်း။ စင်စစ် ရှင်ကရဝိကသည် ဤပုဂံမြို့ဘွဲ့လူးတားကို ရေးသည်ဖြစ်အံ့။ ဤလူးတားသည် အဟောင်းဆုံးလူးတားဟုပင် ခေါ်ဆိုရတော့မည်။ ရှင်ကရဝိက၏ ပျို့အရေးအသား၊ ရတုအရေးအသားများများသည် အတော်အတန်ကောင်းမွန်သည်ကိုထောက်လျှင် ရှင်ကရဝိက၏ တိမ်မြုပ်နေသောလူးတားသည်လည်း အခြားလူးတားဆရာတို့၏ စာပေအဆင့်အတန်းနှင့် တန်းတူလိုက်တန်ရာသည်ဟု ချင့်ချိန်မိတော့၏"ဟူ၍ဖြစ်သည်။

ဆရာကြီး ဦးဖေမောင်တင် မြန်မာစာပေသမိုင်းပြုစုစဉ်က ပုဂံမြို့ဘွဲ့လူးတားမှာ ရှာဖွေမတွေ့ရှိသေးပေ။ ထို့ကြောင့် ဆရာကြီးက တိမ်မြုပ်နေသောလူးတားဟုဆိုခဲ့ခြင်းဖြစ်သည်။ ယခု ပုဂံမြို့ဘွဲ့လူးတားမှာရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။ ဆရာကြီး၏အလိုအရ ပုဂံမြို့ဘွဲ့လူးတားကို ညောင်ရမ်းခေတ် ရှင်ကရဝိကရေးခဲ့သည်ဟု ဆိုရန်ရှိလေသည်။

ကုန်းဘောင်ခေတ်အလယ်ပိုင်းကာလတွင်ထင်ရှားသော မုံရွေးဆရာတော်ပြုစုခဲ့သည့် ပါရမီတော်ခန်းပျို့အဖြေကျမ်းဟူ၍ ကျမ်းတစ်ကျမ်းရှိသည်။ ထိုကျမ်းကို ပါရမီတော်ခန်းပျို့အဖြေကျမ်း၊ ရတနာကြေးမုံကျမ်း၊ ဂမ္ဘီရကထာရတနာကြေးမုံကျမ်း စသည်ဖြင့် အမျိုးမျိုးခေါ်ကြသည်။ ထိုကျမ်းတွင် မုံရွေးဆရာတော်ကြီးက "ရှင်ဥတ္တမကျော်ဆိုတော်မူသည့် လောဖျို့စု၊ ပုဂံဘွဲ့လူးတား၊ နရပတိရေလား"ဟူသော ညွှန်းဆိုချက်၊ မှတ်သားချက်ကို တွေ့ရပြန်သည်။ မုံရွေးဆရာတော်ကြီး၏ အမှတ်အသားအရ ပုဂံဘွဲ့လူးတားကိုရေးသူမှာ ရှင်ဥတ္တမကျော်ဖြစ်သည်ဟု တွေ့ရသည်။ ဆရာကြီး ဦးဖေမောင်တင်၏အဆိုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ဤနေရာတွင် မုံရွေးဆရာတော်၏ အရည်အချင်းကိုကြည့်အပ်သည်။ မုံရွေးဆရာတော်သည် ဘကြီးတော်စစ်ကိုင်းမင်းက စေခိုင်းသည့် မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့တွင် အဓိကကျသောအပိုင်းမှပါဝင်ရေးသားရသူဖြစ်သည်။ ဆရာတော်ကိုယ်တိုင်ကလည်း မုံရွေးရာဇဝင်ကျော်ကျမ်းကြီးကို ရေးသားပြုစုခဲ့သူဖြစ်သည်။ စေတိယကထာရာဇဝင်ချုပ်၊ ပျို့၊ ရတု၊ မှတ်စု စသည်တို့ကို ပြုစုခဲ့သည့် စာပေပညာရှင်ကြီးဖြစ်သည်။ မုံရွေးဆရာတော် လောကီ၊ လောကုတ္တရာ ဘက်စုံထူးချွန်သော ဆရာတော်ကြီးအဖြစ် မှတ်တမ်းတင်ခံရသူဖြစ်သည်။ ဆရာတော်ကြီးလက်ထက်က ယခုခေတ် သုတေသီတို့မတွေ့မမြင်လိုက်ရသည့် ရှေးမှတ်တမ်းများစွာကို မုံရွေးဆရာတော်သည် များစွာတွေ့မြင်လိုက်ရမည်ဖြစ်သည်။ ဆရာတော်ကိုယ်တိုင်ကမင်းဆရာအဖြစ် အင်းဝမြို့၌ သီတင်းသုံးနေထိုင်ရသောကြောင့် အင်းဝနန်းတွင် ပိဋကတ်တိုက်ရှိ ပေ၊ ပုရပိုက်များစွာကို ကြည့်ရှုခဲ့ရမည်ဖြစ်သည်။ ထိုသို့ ပို၍ရှေးကျ၊ ပို၍ အလေးထားအပ်သော ဆရာတော်ကြီး၏ အမှတ်အသားကို အတည်ယူသင့်သည်ဟုယူဆပါသည်။ သို့ဖြစ်သောကြောင့် ပုဂံလူးတားကို အင်းဝခေတ်စာဆိုတော် ရှင်ဥတ္တမကျော်ရေးသည်ဟု ယူဆနိုင်ပါသည်။

ရှင်ဥတ္တမကျော်သည် ပထမအင်းဝခေတ်တွင် ထင်ရှားသောစာဆိုတော်ကြီးဖြစ်သည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့နှင့် အပြိုင်ထင်ရှားခဲ့သော စာဆိုတော်ကြီးဖြစ်သည်။ ပုဂံဘွဲ့လူးတားကို ရှင်ဥတ္တမကျော်ရေးသည်ဟုဆိုသောကြောင့် လူးတားကဗျာများတွင် ရှင်ဥတ္တမကျော်ရေးသားခဲ့သော ပုဂံဘွဲ့လူးတားသည်အစောဆုံးဖြစ်သည်ဟု ဆိုရပါမည်။ ရှင်ဥတ္တမကျော်ကိုလည်း ပထမဆုံးလူးတားစာဆိုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။ ထို့ကြောင့် လူးတားသည် ညောင်ရမ်းခေတ်၊ တောင်ငူခေတ်တို့ထက်စောသော ပထမအင်းဝခေတ်တွင် စတင်ပေါ်ထွန်းခဲ့သည်ဟု ဆိုရပါမည်။ သို့ဖြစ်သောကြောင့် မြန်မာစာပေသမိုင်းတစ်လျှောက်ပေါ်ထွန်းခဲ့သောလူးတားများတွင် ပုဂံဘွဲ့လူးတားသည် အစောဆုံးလူးတားဖြစ်ပြီး လူးတားစာဆိုများတွင် ရှင်ဥတ္တမကျော်သည် အစောဆုံးလူးတားစာဆိုဟု ကောက်ချက်ချရပေမည်။ လူးတားစတင်ပေါ်ထွန်းရာခေတ်ကိုလည်း ပထမအင်းဝခေတ်ဟု သတ်မှတ်ရပေမည်။

ယခုကဲ့သို့ အစောဆုံးလူးတားကို ရှင်ဥတ္တမကျော်ရေးကြောင်း ဖော်ထုတ်နိုင်ခဲ့သည်မှာ မုံရွေးဆရာတော်ကြီး၏ ကျေးဇူးကြောင့်သာဖြစ်သည်။ မုံရွေးဆရာတော်ကြီးသာ ဂမ္ဘီရကထာရတနာကြေးမုံကျမ်း မပြုစုခဲ့လျှင် ယခုကဲ့သို့ သိလာရမည်မဟုတ်ပေ။ ဂမ္ဘီရကထာရတနာကြေးမုံကျမ်းသည် ပုံနှိပ်မှုဖြင့် မရှိသေးပေ။ ပေမူ၊ လက်နှိပ်စက်မူဖြင့်သာ ရှိသေးသည်။ စာပေသမိုင်းအတွက် အကျိုးများလှသော ထိုကျမ်းကို ပုံနှိပ်မှုအဖြစ်ထုတ်ဝေသင့်လှပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရန်ကုန်တိုင်းဒေသကြီးရှိ အတွင်းဝန်ရုံးအဆောက်အအုံတွင် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်ပြသမည့်ပြကွက်များ ပြင်ဆင်နေ



**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီးရှိ အတွင်းဝန်ရုံးအဆောက်အအုံတွင် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အများပြည်သူကိုပြသမည့် ပြကွက်များ ပြင်ဆင်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဉမ္မာက ပြောပြ၍ သိရသည်။

လာမည့် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အတွင်းဝန်ရုံးအဆောက်အအုံတွင် ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ အစည်းအဝေးပြုလုပ်ရာ အခန်းနှင့် ကျဆုံးပြီးနောက် ကျန်ရှိခဲ့သည့် သမိုင်းအမွေအနှစ်ပစ္စည်းများကို အများပြည်သူများကြည့်ရှုလေ့လာနိုင်ရန် ပြသပေးမည်ဖြစ်သည့်အတွက် ပြသမည့်ပြကွက်များ ပြင်ဆင်မှုများကို ဇွန် ၁၃ ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့အခန်းကို အဲဒီအချိန်ကာလက အသုံးပြုခဲ့တဲ့ ပရိဘောဂတွေနဲ့ အဲဒီတုန်းက အခင်းအကျင်းအတိုင်း ခင်းကျင်းပြသမှာ ဖြစ်ပါတယ်။ အဲဒါကပြကွက်တစ်ခုပေါ့။ နောက်ပြကွက်တစ်ခုကတော့ အဲဒီအချိန်တုန်းက ကျန်ရစ်ခဲ့တဲ့ သမိုင်းအမွေအနှစ်ပစ္စည်းစုစုပေါင်း ၁၃ မျိုးရှိပါတယ်။ အဲဒါတွေကိုလဲ စနစ်တကျ ခင်းကျင်းပြသပေးမှာ ဖြစ်ပါတယ်။ ထူးထူးခြားခြားမြင်တွေ့ရမှာကတော့ တံဆိပ်တုံးလက်စွပ် တစ်ကွင်းဖြစ်ပါတယ်။ တံဆိပ်တုံးကို လက်စွပ်လုပ်ထားတာ ဖြစ်ပါတယ်။ ရွှေသားအစစ်ပါ။ အဲဒါလေးကတော့ ထူးခြားပါတယ်။ နောက်အဲဒီတုန်းက ခေါင်းဆောင်ကြီးတွေသုံးခဲ့တဲ့ ဖောင်တိန်တွေ၊ ဘောပင်တွေ၊ စာအုပ်စာရွက်စာတမ်းတွေ ဒါတွေအားလုံးကိုလဲ အနီးကပ်လေ့လာနိုင်မှာ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဉမ္မာက ပြောပြသည်။

အဆိုပါ အာဇာနည်နေ့အထိမ်းအမှတ် ခင်းကျင်းပြသမှုကို အများပြည်သူများအနေဖြင့် အာဇာနည်နေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အခမဲ့လေ့လာကြည့်ရှုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

**မင်းလှ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မလွန်ကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒီကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၄၉၄ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒီကျော်ထံမှ သိရသည်။

**ကျော်ခိုင်**

## မြစိမ်းရောင်က ဖေးမကူ တောင်သူဘဝ အလှတွေထူ

- မိုးဦးစ သည်အခါ
ရောက်လာပြန် မိုးနံ့မွှေး၊
လယ်သမားတွေ လယ်ငန်းစ
မြရောင်နှင့်လေး။

- မြရောင်က ထွန်းလင်းဖြာ
လလိုသာ နေလိုလင်း၊
သူ့ရောင်ဝါ သူ့အဆင်းက
လင်းပပဝင်း။

- မြစိမ်းရောင်
လရောင်သို့ ခိုရာကွန်း၊
ပြည်သူတွေ ခွင့်လမ်းများလို့
စီးပွားဖြစ်ထွန်း။

- မြစိမ်းရောင်
နေရောင်သို့ လင်းရောင်ထွန်း၊
ပြည်သူကို ကူညီပေး
နွေးထွေးလှလွန်း။

- မြစိမ်းရောင်
ထွန်းပြောင်ဖို့ တောင်သူ့ရေး၊
သင့်တင့်စွာ ချေးငွေရ
စိတ်အေးလှလေး။

- မြစိမ်းရောင်
ထွန်းဆောင်လာ ကျေးရွာစိတ်ဓာတ်၊
တို့ရွာမှာ ထွန်းကာဖြိုး
တိုးတက်မွေ့မြတ်။

- မြစိမ်းရောင် စီမံကိန်း
ထိန်းခဲ့ပေါ့ ပြည့်ဂုဏ်ရည်၊
ကျေးရွာတွေ စားဝတ်နေရေး
ဖေးကူခဲ့ပြီ၊
စိုက်ပျိုးလို့ မွေးမြူမည်
ကုန်ထုတ်သည် တောင်သူများ၊
မြစိမ်းရောင် အခြေပြုလို့
လှမတိမ်းအောင် ကျက်သရေစုတယ်
ပြည်သူ့ဘက်သား။ ။

**ပြေအေးသက်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံမှ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များကို ဘီလာရုစ်နိုင်ငံလက်ခံရယူ



**မင့်စ် ဇွန် ၁၄**

ရုရှားနိုင်ငံက ဖြန့်ကြက်မည့် နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များကို ဘီလာရုစ်နိုင်ငံက စတင်လက်ခံရယူနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များအား စတင်လက်ခံရယူနေမှုကိုဘီလာရုစ် သမ္မတ လူကာရှန်ကိုက ရုရှားရုပ်သံသတင်းဌာနတစ်ခုနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ အတည်ပြုထားခြင်း ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ရုရှား နည်းဗျူဟာမြောက် လက်နက်များကို စတင်ရရှိနေပြီဖြစ်ပြီး အချို့လက်နက်များမှာ ၁၉၄၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်စစ်ဘက်ကြချခဲ့သော အဏုမြူဗုံးများထက် ပေါက်ကွဲအား သုံးဆပိုပြင်းကြောင်း ဘီလာရုစ်သမ္မတက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များ ဖြန့်ကြက်မည့် အစီအစဉ်ကို ယခုနှစ်မေလအတွင်းက ကြေညာခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နျူကလီးယား လက်နက် သိုလှောင်ရေးစခန်းများ အသင့်ဖြစ်မည့်အချိန်တွင် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှု စတင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇွန် ၉ ရက်ကပင် ထပ်မံပြော ကြားထားသည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားဖြန့်ကြက်မှုသည် ရုရှားနိုင်ငံအတွက် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားနယ်စည်းပြင်ပ နျူကလီးယားလက်နက်ဖြန့်ကြက်မှု ဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ဂျီးရီးယား၌ ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၁၀၃ ဦး သေဆုံး

**အဘူဂျာ ဇွန် ၁၄**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ မင်္ဂလာပွဲတစ်ပွဲမှ ပြန်လာသူခရီးသည်များ လိုက်ပါလာသော ရေယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၀၃ ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရေယာဉ်တိမ်းမှောက်မှုသည် ကွာရာပြည်နယ် ပါတီဂီခရိုင်ရှိ နိုင်ဂျာမြစ်အတွင်း ဇွန် ၁၂ ရက်နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါရေယာဉ်သည် နိုင်ဂျာမြစ်အတွင်း ခုတ်မောင်းနေစဉ် အရွယ်အစားကြီးမားသော သစ်လုံးတိုင်တစ်တိုင်ကို ဝင်တိုက်ခဲ့ပြီးနောက် ကိုယ်ထည်ကွဲအက်ခဲ့ရကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါရေယာဉ်သည် ခရီးသည်များကို သတ်မှတ်အရေအတွက်ထက်ကျော်လွန်၍ ဦးရေ ၃၀၀ထိ တင်ဆောင်ထားကြောင်း သိရသည်။

ရေယာဉ် တိမ်းမှောက်ပြီးနောက် လိုက်ပါလာသူ ခရီးသည်များ အနက် ဦးရေ ၁၀၀ ခန့်ကိုကယ်တင်ထားနိုင်ကြောင်း ကွာရာပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ဂျီးရီးယား တာဝန်ရှိသူများသည် ရေယာဉ်တိမ်းမှောက်စဉ် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။ KKO

## အိန္ဒိယအရှေ့မြောက်ပိုင်း၌ လူမျိုးစုနှစ်ခုကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် ကိုးဦးသေဆုံး

**ဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ ပြိုင်ဘက်လူမျိုးစုနှစ်ခုကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်တန်းနေလူမျိုးစုများနှင့် မြေနိမ့်ဒေသနေ လူမျိုးစုများကြား ဇွန် ၁၃ ရက်တွင် ထပ်မံဖြစ်ပွားခဲ့သည့်ပဋိပက္ခများကြောင့် အနည်းဆုံး လူကိုးဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မဏိပူရရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူမျိုးစုဝင်များလက်ဝယ်ရှိ တရားမဝင်လက်နက်ခဲယမ်းများကို ရှာဖွေသိမ်းဆည်းနေကြောင်း သိရသည်။

အစိုးရအလုပ်အကိုင်၊ ပညာရေးနှင့် စီးပွားရေးအကျိုးအမြတ်ခွဲတမ်းမညီမျှမှု ပြဿနာကိုအကြောင်းပြု၍ မဏိပူရလူမျိုးစုများကြား၌ ယခုနှစ် မေ ၃၀ ရက်မှစ၍ ပဋိပက္ခများစတင်ပေါ်ပေါက်ခဲ့သည်။

ယင်းပဋိပက္ခများအတွင်း လူဦးရေ ၈၀ ခန့်သေဆုံး၍ ဦးရေ ၄၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယအစိုးရက မဏိပူရပြည်နယ်အတွင်း ဖက်ဒရယ် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားကို မြှင့်တင်ထားကြောင်း သိရသည်။ KKO



## ၂၀၂၀ ပြည့်နှစ်က နှစ်နိုင်ငံဆက်ဆံရေးရုံး ဖောက်ခွဲဖျက်ဆီးမှုအတွက် မြောက်ကိုရီးယားနိုင်ငံကို တောင်ကိုရီးယားတရားစွဲဆို

**ဆိုးလ် ဇွန် ၁၄**

၂၀၂၀ပြည့်နှစ်အတွင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးရုံးအတွက် နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃၅ သန်းရလိုမှုဖြင့် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို ယနေ့တွင် တရားစွဲဆိုထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေးတင်းမာနေချိန်မှာပင် နှစ်နိုင်ငံဆက်ဆံရေးရုံးဖောက်ခွဲခံရမှုအတွက် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို တရားစွဲဆိုထားခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံနယ်စပ် မြောက်ကိုရီးယား နိုင်ငံဘက်ခြမ်း၌ တည်ဆောက်ထားသော ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးရုံးကို ၂၀၂၀ ပြည့်နှစ်တွင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအတွင်းရှိ မြောက်ကိုရီးယားဘက်ပြောင်းခိုလှုံသူများပြုလုပ်နေသည့် မြောက်ကိုရီးယားဆန့်ကျင်ရေး ဝါဒဖြန့်လှုပ်ရှားမှုများကို တုံ့ပြန်သည့်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးရုံးကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား အစိုးရသည် နှစ်နိုင်ငံဆက်ဆံရေးရုံးဖောက်ခွဲခံရမှုအတွက် မြောက်ကိုရီးယားနိုင်ငံကို ဆိုးလ်ဗဟိုခရိုင်တရားရုံး၌ တရားစွဲဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

ဖောက်ခွဲ ဖျက်ဆီးခံခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးရုံးသည် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား ပထမဆုံးသံတမန် ဆက်ဆံရေးရုံးဖြစ်ကြောင်း သိရသည်။ KKO

## ဂျပန်နိုင်ငံ အလယ်ပိုင်းစစ်စခန်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိ

**တိုကျို ဇွန် ၁၄**

ဂျပန်နိုင်ငံ အလယ်ပိုင်း စစ်စခန်းတစ်ခု၌ အခြားတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သော စစ်သင်တန်းသားတစ်ဦးကို ဂျပန်ရဲတပ်ဖွဲ့က ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ အဆိုပါသင်တန်းသားသည် ဂီဖူမြို့ရှိ ဂျပန်စစ်ဘက်လေ့ကျင့်ရေးကွင်းတစ်ကွင်း၌ ယနေ့တွင် သေနတ်ပစ်လေ့ကျင့်နေသော သင်တန်းဆရာတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ပစ်ခတ်မှုကြောင့် သင်တန်းနည်းပြ ဂျပန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရခဲ့ကြောင်း ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သူ သင်တန်းသားသည် ယခုနှစ် ဧပြီလတွင် ဂျပန်စစ်ဘက်၌ စစ်မှုထမ်းရေးအတွက် အမည်စာရင်းသွင်းထားသူဖြစ်ကြောင်း ဂျပန်ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆိုပါဖြစ်စဉ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် ဖြစ်စဉ်၏ အကြောင်းရင်းကို မိမိတို့စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဂျပန်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေနတ်ကိုင်ဆောင်ခွင့်ဥပဒေများ အလွန်တင်းကျပ်သည့် ဂျပန်နိုင်ငံသည် သေနတ်အသုံးပြုအကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားမှုမှာ အလွန်ရှားပါးကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## လူသားများလိုက်ပါနိုင်သည့် ကမ္ဘာ့ပထမဆုံး ပန်းကန်ပြားပျံကို တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ စမ်းသပ်ပျံသန်းခဲ့



**ပေကျင်း ဇွန် ၁၄**

လူသားများလိုက်ပါနိုင်သည့် ကမ္ဘာ့ပထမဆုံး ပန်းကန်ပြားပျံကို တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ စမ်းသပ်ပျံသန်းခဲ့ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ရှန်ကျန်းယူအက်ဖ်အို နည်းပညာကုမ္ပဏီက တည်ဆောက်ထားသော အဆိုပါပန်းကန်ပြားပျံသည် မြေပြင်ပေါ်တွင်လည်းကောင်း၊ ရေထဲတွင်လည်းကောင်း အတက်၊ အဆင်းလုပ်နိုင်ကြောင်း သိရသည်။

ကမ္ဘာ့ပထမဆုံးပန်းကန်ပြားပျံယာဉ်သည် ပန်ကာဒလက် ၁၂ ခု၏ အကူအညီဖြင့် အတက်အဆင်းနှင့် ပျံသန်းမှုများ ပြုလုပ်နိုင်ကြောင်း ရှန်ကျန်းပေ့ချ်အမည်ရှိ တရုတ်သတင်းဝက်ဘ်ဆိုက်တစ်ခု၏ အဆိုအရ သိရသည်။

ဇွန် ၃ ရက်တွင် ပြုလုပ်ခဲ့သော စမ်းသပ်ပျံသန်းမှုအတွင်း ပန်းကန်ပြားပျံယာဉ်သည် အမြင့် မီတာ ၂၀၀ ထိ တက်ရောက်ရန် တစ်နာရီ ၃၁ မိုင်နှုန်းဖြင့် ၁၅ မိနစ်ကြာ ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းကန်ပြားပျံသည် လျှပ်စစ်စွမ်းအင်သုံးယာဉ်ပျံအမျိုးအစားဖြစ်ပြီး ရှုခင်းကြည့်ခရီးသွားလုပ်ငန်းနှင့် ကြော်ငြာလုပ်ငန်းတို့အတွက် အဓိကထားသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

ပန်းကန်ပြားပျံယာဉ်ကို တည်ဆောက်ရေးအတွက် ရှန်ကျန်းယူအက်ဖ်အို နည်းပညာကုမ္ပဏီသည် သုံးနှစ်ကြာ အချိန်ယူခဲ့ရကြောင်း သိရသည်။

KKO

# HEALTH

## ဆီးချိုရောဂါဆေးတစ်မျိုးက ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ခံစားရမှုကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၁၄**

မက်ဖော်မင် (Metformin) ခေါ် ဆီးချိုရောဂါဆေးတစ်မျိုးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရမှု ပြဿနာကို ရှောင်ရှားရေးအတွက် အထောက်အကူပြုနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် မက်ဖော်မင်ကို သီတင်းနှစ်ပတ် ပုံမှန်သောက်သုံးခဲ့သည့် လူနာများတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ကျန်မှုပြဿနာပေါ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းလျှော့ချထားနိုင်သည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ မင်နီဆိုတာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ဖြစ်ချင်းမှာပင် မက်ဖော်မင်ကို စတင်သုံးစွဲခဲ့ပါက ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ကျန်နိုင်ခြေမှာ ပို၍ပင်ကျဆင်းသွားတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက် မက်ဖော်မင်ကို ၁၄ ရက် ပုံမှန်သောက်ခဲ့ပါက ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ကျန်နိုင်ခြေကို နောင် ၁၀ လထိ တားဆီးပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ရောဂါလက္ခဏာများ ရေရှည်ကျန်မှုပြဿနာမှာ ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာ ရင်ဆိုင်နေရသည်။

ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ကျန်မှုပြဿနာသည် ရောဂါဖြစ်ပွားစဉ်ကာလ ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ဆက်စပ်နေနိုင်ကြောင်း ဆေးပညာရှင်များက ယူဆထားကြောင်း သိရသည်။ KKO

## ကြယ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်စနစ်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**လန်ဒန် ဇွန် ၁၄**

Star Wars ဇာတ်ကားများတွင် ပါဝင်တတ်သော ကြယ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်စနစ်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါကြယ်စနစ်တွင် တစ်စင်းနှင့်တစ်စင်း လှည့်ပတ်နေသော ကြယ်နှစ်စင်းနှင့် ၎င်းကြယ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်တစ်စင်းတို့ ပါဝင်ကြောင်း ဗြိတိန်နိုင်ငံ အိုးပင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TOI-1338 C ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် ကြယ်နှစ်စင်းလုံးကို ၂၁၅ ရက်လျှင် တစ်ပတ်ကျ ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။



မိမိတို့၏ တွက်ချက်မှုအရ TOI- 1338 C ဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကမ္ဘာမြေဒြပ်ထုထက် ၆၅ ဆ ပိုကြီးမားသော ဓာတ်ငွေ့ဂြိုဟ်အမျိုးအစားဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI- 1338 C ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၃၂၀ နှစ်အကွာ၌ တည်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

TOI- 1338 C ဂြိုဟ်တည်ရှိရာ နှစ်စင်းတွဲကြယ်စနစ်၏သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၄ ဘီလီယံရှိပြီဖြစ်ကြောင်း သိရသည်။

KKO

## သွေးကင်ဆာကုသရေးအတွက် Polivy ဆေးကို ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဌာနက ခွင့်ပြု

**လန်ဒန် ဇွန် ၁၄**

ပြင်းထန်သည့် သွေးကင်ဆာရောဂါပုံစံတစ်မျိုးကို ကုသရေးအတွက် Polivy အမည်ရှိ ဆေးတစ်မျိုးကို အသုံးပြုခွင့်ပေးရန် ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဌာနက သဘောတူလိုက်ပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

Polivy ဆေးသည် Diffuse Large B-Cell Lymphoma ခေါ် သွေးကင်ဆာလူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်သကဲ့သို့ အသက်ရှင်သန်ခွင့် အလားအလာကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Polivy ဆေးဖြင့် ကုသမှုခံယူခဲ့သော လူနာများ၌ နောင်ငါးနှစ်အတွင်း ရောဂါပြန်လည်ပေါ်ထွက်မှုမရှိခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ Polivy ဆေးသည် B-Cell Lymphoma ကင်ဆာလူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ သွေးကင်ဆာရောဂါသည် သာမန်အားဖြင့် အသက် ၇၀ ဝန်းကျင်ရှိသူများ၌ ဖြစ်ပွားတတ်သော ရှားပါးသည့်သွေးကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

အထက်ပါသွေးကင်ဆာကို ဓာတုကုထုံးနှင့် အခြားကင်ဆာတိုက်ဖျက်ရေးဆေးများ ပေါင်းစပ်ကုသလေ့ရှိကြောင်း သိရသည်။ KKO



## OJ 287 အမည်ရှိ ကြယ်စု၏ဗဟိုချက်၌ ဒုတိယမြောက် မဟာအာကာသတွင်းနက်တစ်ခုတည်ရှိနေမှုကို သိပ္ပံပညာရှင်များ အတည်ပြုနိုင်ခဲ့

**အယ်လ်ဆင်ကီး ဇွန် ၁၄**

OJ 287 အမည်ရှိ ကြယ်စု၏ ဗဟိုချက်၌ ဒုတိယမြောက် မဟာအာကာသတွင်းနက်တစ်ခု တည်ရှိနေမှုကို သိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့ကြောင်း Phys. Org သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် OJ 287 ကြယ်စုဗဟိုချက်တွင် တည်ရှိနေသော မဟာအာကာသတွင်းနက် နှစ်ခုစလုံးသည် ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များကို ဝါးမျိုနေကြောင်း ဖင်လန်နိုင်ငံ တာကူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

OJ 287 ကြယ်စုဗဟိုချက်ရှိ ဒုတိယမြောက် မဟာအာကာသတွင်းနက်၏ဒြပ်ထုမှာ နေအစင်းပေါင်း သန်း ၁၅၀ ခန့်၏ ဒြပ်ထုနှင့် ညီမျှပြီး မူလအာကာသတွင်းနက်ကမူ နေအစင်းပေါင်း ၁၈ ဘီလီယံရှိ ဒြပ်ထုနှင့်ညီမျှကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဖင်လန်သိပ္ပံပညာရှင်များသည် OJ 287 ကြယ်စု၏ ဒုတိယမြောက် မဟာအာကာသတွင်းနက်ကို ဖာမီဂမ်မာရောင်ခြည် အာကာသရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

OJ 287 ကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ငါးဘီလီယံအကွာတွင် တည်ရှိသည့် ကြယ်စုတစ်ခုဖြစ်သည်။

ဖာမီဂမ်မာရောင်ခြည်အာကာသရေဒီယိုတယ်လီစကုပ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ၂၀၀၈ ခုနှစ် ဇွန်လတွင် လွှတ်တင်ထားသည့် တယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။ KKO




# ဘာစီလိုနာမှထွက်ခွာမည့် ဂျော်ဒီအလာဘာကို အင်တာမီယာမီအသင်းက ခေါ်ယူရန်ပြင်ဆင်

**မက်ဒရစ် ဇွန် ၁၄**

ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ခံစစ်ကစားသမား ဂျော်ဒီအလာဘာကို မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက တိုက်စစ်မှူး မက်ဆီနှင့် တွဲဖက်ကစားနိုင်ရန် အတွက်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အသက် ၃၄ နှစ်ရှိ ခံစစ်ကစားသမား အလာဘာသည် ဘာစီလိုနာအသင်းနှင့် ၂၀၂၄ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းနှင့်နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်း၍ ဘာစီလိုနာအသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အေတီကိုအသင်း၊ စီးရီးအေကလပ် အင်တာမီလန်အသင်း၊ ဆော်ဒီအာရေဗျကလပ်အသင်းများ အပါအဝင် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

လက်ရှိ စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်ခွင့်ရရှိထားသည့် ခံစစ်ကစားသမား အလာဘာသည် လာမည့် ဇွန် ၁၆ ရက်တွင် အီတလီအသင်းနှင့် နေးရှင်းလိဂ်ဆီမီးဖိုင်နယ် ကစားရမည် ဖြစ်သောကြောင့် အဆိုပါပွဲစဉ် ပြီးဆုံးချိန်မှသာ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခံစစ်ကစားသမား အလာဘာသည် ၂၀၁၂ ခုနှစ်က ဗလင်စီယာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့် ၁၁ နှစ်ကျော်ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၄၅၉ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ကာ သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့အသင်းနှင့်အတူ လာလီဂါ ဆုဖလားခြောက်ကြိမ်၊ ကိုပါဒယ်ရေး ဖလားငါးကြိမ်၊ စပိန်စူပါဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ဆုဖလားတစ်ကြိမ်ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML




# ဆဲလ်တစ်အသင်းက အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြရော်ဂျာကို နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်း




**အီဒင်ဘာ့ဂ် ဇွန် ၁၄**

စကော့တလန် ထိပ်သီးကလပ် ဆဲလ်တစ်အသင်းသည် နည်းပြပိုစတီကိုဂလူအသင်းမှထွက်ခွာပြီးနောက် ၎င်း၏နေရာတွင် အစားထိုးရန် အတွက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြရော်ဂျာကို ခန့်အပ်ရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၀ ရှိ နည်းပြရော်ဂျာသည် လက်စတာအသင်းကို ၂၀၁၉ ခုနှစ်က စတင်တာဝန်ယူခဲ့ရာတွင် အသင်းကို အမှတ်ပေးဇယားအဆင့် (၅)နေရာသို့ရောက်ရှိအောင် စွမ်းဆောင်ခဲ့သည့်အပြင် အသင်းအတွက် အက်ဖ်အေဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့သော်လည်း ယခုနှစ်တွင် အသင်းအနေဖြင့် ရလဒ်ပိုင်း ကျဆင်းခဲ့ပြီး တန်းဆင်းဇုန်ထဲ ကျရောက်နေသောကြောင့် အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် ၁၀ ပွဲအလိုတွင် အသင်းကထုတ်ပယ်ခဲ့ကြောင်း သိရသည်။

သို့သော် ဆဲလ်တစ်အသင်းက ချန်ပီယံဆုဖလား ရယူပေးထားသည့် နည်းပြပိုစတီကိုဂလူကို စပါးအသင်းသို့ လက်လွှတ်ခဲ့ရသဖြင့် နည်းပြဟောင်း ရော်ဂျာနှင့် ပြန်လည်ပူးပေါင်းရန် ဆွေးနွေးခဲ့ပြီး သဘောတူညီမှုရရှိရန် နီးစပ်နေသော်လည်း ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းသွားသည့် လိဒ်အသင်းကလည်း နည်းပြရော်ဂျာကိုခန့်အပ်ရန် အပြိုင်ကမ်းလှမ်းလျက်ရှိသည်။

လက်ရှိတွင် လိဒ်အသင်းပိုင်ရှင်က ရော်ဂျာကိုခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်းနေသော်လည်း ဆဲလ်တစ်အသင်းသည် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည်ဖြစ်သောကြောင့် နည်းပြရော်ဂျာသည် ဥရောပပြိုင်ပွဲကစားရမည့် ဆဲလ်တစ်အသင်းကိုသာ ရွေးချယ်ရန်သေချာနေသည်ဟု သတင်းထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ML

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း တိုက်စစ်မှူးမက်ဆီ ထုတ်ဖော်ပြောကြား

**ဗျူနိုစ်အေရိစ် ဇွန် ၁၄**

တိုက်စစ်မှူးမက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကိုဦးဆောင်၍ ချန်ပီယံဆုဖလား ရယူပေးခဲ့သော်လည်း လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအတွက် ပါဝင်ကစားပေးနိုင်မည် မဟုတ်တော့ကြောင်း ပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားအသင်းက နည်းပြစကာလိုနီနှင့် အသင်းဖော်များက အသင်းခေါင်းဆောင်မက်ဆီကို လာမည့် ၂၀၂၆ ကမ္ဘာ့ဖလား၌ အသင်းတွင် ပါဝင်ကစားပေးရန် ဆန္ဒရှိနေသော်လည်း အသက် ၃၅ နှစ်ရှိသည့် တိုက်စစ်မှူးက ၂၀၂၆ ခုနှစ်တွင် အမေရိကန်၊ မက္ကဆီကို၊ ကနေဒါတို့တွင်ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်တော့ကြောင်း ဇွန် ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းနှင့်အတူ နိုင်ငံတကာခြေစမ်းပွဲကစားရန် တရုတ်နိုင်ငံသို့ရောက်ရှိနေသည့် တိုက်စစ်မှူးမက်ဆီက "ကာတာကမ္ဘာ့ဖလားပြိုင်ပွဲက ကျွန်တော့်အတွက် နောက်ဆုံးကမ္ဘာ့ဖလားဖြစ်ပါတယ်။ ရှေ့လျှောက်ဘာတွေဆက်လုပ်ရမလဲဆိုတာ ကျွန်တော်စဉ်းစားတုန်းပါပဲ။ လက်ရှိအချိန်မှာ ပြိုင်ပွဲစုံကို ပါဝင်ကစားနိုင်သေးပေမဲ့ လာမဲ့ကမ္ဘာ့ဖလားမှာတော့ပါဝင်နိုင်မှာမဟုတ်ပါဘူး"ဟု စပိန်အခြေစိုက် Efe သတင်းဌာနနှင့် အင်တာဗျူးအစီအစဉ်တွင် ပြောကြားခဲ့သည်။

အာဂျင်တီးနား အသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များအဖြစ် လာမည့် ဇွန် ၁၅ ရက်တွင် ပေကျင်းမြို့၌ ဩစတြေးလျအသင်းနှင့် ကစားမည်ဖြစ်ပြီး ဇွန် ၂၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါ့စကီးက မိမိအနေဖြင့် ဆော်ဒီကလပ်အသင်းများက မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းမှုများရှိနေသော်လည်း လာမည့်နွေရာသီတွင် ဘာစီလိုနာအသင်းမှထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ယခုနှစ်တွင်ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဆုကြေးငွေ စတာလင်ပေါင် ၄၄ ဒသမ ၇ သန်းထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း AELTC တင်းနစ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။
- တိုက်စစ်မှူး ဟယ်ရီကိန်း၏ ပြောင်းရွှေ့ကြေးကို စပါးအသင်း ဥက္ကဋ္ဌ လီဗိုင်းက စတာလင်ပေါင် သန်း ၂၀၀ နီးပါးအလိုရှိကြောင်း ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းက ဟယ်ရီကိန်းကိုခေါ်ယူရန်လက်လျှော့လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်။
- နယူးကာဆယ်အသင်းက အင်တာမီလန်ကွင်းလယ်ကစားသမား ဘာရယ်လာကို စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ML

# ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်ကို ခြောက်နှစ်စာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း ကြေညာ

**မက်ဒရစ် ဇွန် ၁၄**

စပိန်ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်း လူငယ်ကြယ်ပွင့် ကွင်းလယ်ကစားသမားဘယ်လင်ဟမ်ကို ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြု ကြေညာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ကက်စ်မဲရိုးထွက်ခွာခဲ့သကဲ့သို့ လက်ရှိတွင်လည်း မိုဒရစ်နှင့် တိုနီခရူးစ်တို့ကို အသက်အရွယ်ကြောင့် အသင်းမှ ထွက်ခွာခွင့်ပေးထားပြီဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသည့် လူငယ်ကစားသမားများနှင့် အစားထိုးလိုနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလကလည်း အသင်း ကွင်းလယ်ပိုင်းအတွက် ရေရှည်အသုံးပြုရန် လူငယ်ထိပ်တန်းကစားသမားများဖြစ်သည့် ချူအာမန်နီနှင့် ကာမာဗင်ဂါတို့ကိုခေါ်ယူခဲ့သကဲ့သို့ ယခုအခါတွင်လည်း လူငယ်ကစားသမားတစ်ဦးဖြစ်သည့် ဘယ်လင်ဟမ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အသက် ၁၉ နှစ်သာရှိသေးသည့် ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်အသင်းကြီးများက ခေါ်ယူလိုနေသော်လည်း ဘယ်လင်ဟမ်ကိုယ်တိုင်က ရီးရဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဖလော်ရီဒါပြည်နယ်အားကစားကော်မရှင်က ဂျွန်ဂေါ့တီကို ပွဲပယ်ပြစ်ဒဏ် ခြောက်လချမှတ်





**ဖလော်ရီဒါ ဇွန် ၁၄**

အမေရိကန် ဂန္ထဝင်လက်ဝှေ့သမား မေဝယ်သာနှင့် ဇွန် ၁၂ ရက်က အမေရိကန်နိုင်ငံတွင် ရန်ပုံငွေပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် အမေရိကန်လက်ဝှေ့သမား ဂျွန်ဂေါ့တီကို စည်းကမ်းဖောက်ဖျက်မှုဖြင့် ဖလော်ရီဒါပြည်နယ်အားကစားကော်မရှင်က ခြောက်လပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု TMZ Sports အားကစားသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျွန်ဂေါ့တီနှင့် မေဝယ်သာတို့ပွဲစဉ်တွင် ခြောက်ချီမြောက်၌ နှစ်ဖက်နည်းပြ အဖွဲ့ဝင်များနှင့် ဂျွန်ကော့တီ၊ မေဝယ်သာတို့အကြား ပြဿနာတက်ခဲ့ပြီး ကြိုးဝိုင်းအတွင်း အချင်းများခဲ့ကြသည်။

ကြိုးဝိုင်းဒိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ကန်နီဘေလက်စ်က ပွဲစဉ်ကိုရပ်ဆိုင်းဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ပြီးနောက် လုံခြုံရေးဝန်ထမ်းများက နှစ်ဖက်အသင်းကြားအချင်းများနေမှုကိုဖျန်ဖြေခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖလော်ရီဒါပြည်နယ် အားကစားကော်မရှင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂျွန်ဂေါ့တီကို ခြောက်လပွဲငယ်ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ခဲ့သည်။

မေဝယ်သာကို တစ်စုံတစ်ရာအရေးယူမှုမပြုလုပ်ခဲ့သည့်အပေါ်တွင် ဂျွန်ဂေါ့တီနှင့်၎င်း၏မိတ်ဆွေများက မကျေမနပ်ဖြစ်ကာ မေဝယ်သာကို လူမှုကွန်ရက်မှ တစ်ဆင့်ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း မေဝယ်သာက ထုတ်ပြန်ခဲ့သည်။

ဂျွန်ဂေါ့တီသည် လက်ဝှေ့လောကသို့မဝင်ရောက်မီက MMA လောကတွင် ကျင်လည်ခဲ့သူဖြစ်ပြီး ဂျွန်ဂေါ့တီ၏ ဖြစ်စဉ်နှင့်ပတ်သက်ပြီး မေဝယ်သာဖြင့်ထိုးသတ်ခဲ့ဖူးသူ MMA ကစားသမားမက်ဂရီဂေါကလည်း ဂျွန်ဂေါ့တီဘက်မှရပ်တည်ခဲ့ကြောင်း သိရသည်။ AZL

# Libema Open ပြိုင်ပွဲပထမအဆင့်တွင် ဗီးနပ်စ်ဝီလျံက ဆီလိုင်းကိုရှုံးနိမ့်

**အမ်စတာဒမ် ဇွန် ၁၄**

နယ်သာလန်နိုင်ငံတွင် ကျင်းပနေသည့် Libema Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်ဝါရင့်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ဆွစ်ဇာလန်တင်းနစ်မယ်ဆီလိုင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆီလိုင်းက (၃-၆ ၊ ၇-၆ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီးနပ်စ်ဝီလျံသည် အသက်အရွယ်ပိုင်းအရ အနားယူသင့်သည့် အသက်အရွယ်ပိုင်းရောက်နေပြီဖြစ်သော်လည်း တင်းနစ်အားကစားလောကကိုနှုတ်ဆက်ရန် အဆင်သင့် မဖြစ်သေးသည့်အတွက် ပြိုင်ပွဲဝင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ဗီးနပ်စ်ဝီလျံသည် ယခုပြိုင်ပွဲမတိုင်မီ ဒဏ်ရာပြဿနာကြောင့် ငါးလခန့်ထိ အနားယူထားရသူဖြစ်ပြီး ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် ပွဲဦးထွက်အနေဖြင့် ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်သည်။

ဗီးနပ်စ်ဝီလျံသည် ဆီလိုင်းနှင့်ပွဲစဉ်တွင် ပထမပွဲငယ်၌အနိုင်ရခဲ့သော်လည်း ကြွံ့ခိုင်မှုပိုင်းနှင့် သက်လုံပိုင်း အနည်းငယ်ပြဿနာရှိလာသည့်အတွက် ဒုတိယပွဲငယ်နှင့်တတိယပွဲငယ်တို့တွင် ဆက်တိုက်ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ဆီလိုင်းက "ဗီးနပ်စ်ဝီလျံလိုတင်းနစ်မယ်မျိုးနဲ့ယှဉ်ပြိုင်ကစားခွင့်ရလိမ့်မယ်လို့ ကျွန်မလုံးဝထင်မထားပါဘူး။ ကျွန်မတို့ငယ်စဉ်ကလေးဘဝကတည်းက ရုပ်သံလိုင်းတွေကနေသူတို့ကစားတာတွေကို ကြည့်ရှုအားပေးခဲ့ရတယ်။ အခုတော့ ကွင်းထဲမှာ ကျွန်မသူနဲ့ပြိုင်ဘက်တွေလို ဆုံတွေ့ခွင့်ရခဲ့တယ်။ ဒီလိုဂန္ထဝင်တစ်ယောက်ကို အနိုင်ကစားနိုင်ခဲ့တဲ့ အခိုက်အတန့်ဟာကျွန်မဘဝအတွက် ကံအကောင်းဆုံးအခိုက်အတန့်တစ်ခုလို့ခံစားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အင်ဒိုနီးရှားအိုးပင်းကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ တရုတ်ကြက်တောင်မယ် ဝမ်ကျိုယိကို နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်




**ရန်ကုန် ဇွန် ၁၄**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အင်ဒိုနီးရှားအိုးပင်း ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့တွင် တရုတ်ကြက်တောင်မယ် ဝမ်ကျိုယိကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၅၇)ရှိ သက်ထားသူဇာသည် (၃၂)ဦးရှုံးထွက်အဆင့်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပြီး (၁၂)ဦးရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် ကမ္ဘာ့အဆင့်(၇)နေရာတွင်ရပ်တည်နေသည့် တရုတ်ထိပ်တန်းကြက်တောင်မယ် ဝမ်ကျိုယိနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင်(၂၁-၁၁)၊ ဒုတိယပွဲစဉ်တွင် (၂၁-၉)ဖြင့် ဝမ်ကျိုယိက နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သက်ထားသူဇာသည် နောက်ပိုင်းကာလများတွင် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိနေပြီး ယခုလအတွင်း မော်လ်ဒိုက်နိုင်ငံတွင်ကျင်းပခဲ့သည့် မော်လ်ဒိုက် အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသကဲ့သို့ ယခုအင်ဒိုနီးရှားအိုးပင်းကြက်တောင်ပြိုင်ပွဲတွင်လည်း(၃၂)ဦးရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသည်။

သက်ထားသူဇာသည် အင်ဒိုနီးရှားအိုးပင်း ကြက်တောင်ပြိုင်ပွဲအပြီးတွင် လာမည့် ဇွန် ၂၀ ရက်မှ ၂၈ ရက်ထိ တရုတ်(တိုင်ပေ)တွင် ကျင်းပမည့်Yonex Taipei Open 2023 ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင်လည်း (၃၂)ဦးရှုံးထွက်အဆင့်မှစတင်ကစားရမည်ဖြစ်ကာ ကမ္ဘာ့အဆင့်(၃၀)နေရာတွင်ရပ်တည်နေသည့် ဗီယက်နမ်ကြက်တောင်မယ် ငုယင်သွေလင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# US Open 2023 ပြိုင်ပွဲတွင် စကော့တီရှက်ဖလာ ပါဝင်ယှဉ်ပြိုင်မည်

**လော့အိန်ဂျလိစ် ဇွန် ၁၄**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင်ကျင်းပမည့် US Open 2023 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာက ပြောကြားခဲ့သည်ဟု GM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် မွေးရပ်မြေတွင်ကျင်းပမည့် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသလို ဂေါက်သီးရိုက်လောကတွင် အရှိန်အဝါကြီးသည့် ပြိုင်ပွဲဖြစ်သည့်အတွက်ကြောင့်လည်း ပြိုင်ပွဲရလဒ်သည် ကမ္ဘာ့အဆင့်ရပ်တည်ချက်အပေါ်တွင် ရိုက်ခတ်မှုများရှိလာနိုင်သောကြောင့် အကောင်းဆုံးပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

စကော့တီရှက်ဖလာသည် ယခုနှစ်အတွင်း ချန်ပီယံဆုဖလားနှစ်ကြိမ်ဆွတ်ခူးထားသလို ပြိုင်ပွဲခြောက်ရပ်တွင်လည်း အမှတ်ပေးဇယား၏ အဆင့်(၅)အတွင်း အဆုံးသတ်ထားနိုင်သည်။

စကော့တီရှက်ဖလာက "ဒီပြိုင်ပွဲဟာ ဂေါက်သီးရိုက်လောကမှာ အရှိန်အဝါရှိတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို မွေးရပ်မြေမှာကျင်းပတဲ့ ပြိုင်ပွဲ ဖြစ်တဲ့အတွက်ကြောင့်လဲ ဒီပြိုင်ပွဲနဲ့ လွဲချော်ရမှာ အရမ်းစိုးရိမ်ပါတယ်။ ဒါကြောင့်လဲ ဒီပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေ ကြီးကြီးမားမား ပြုလုပ်ထားတယ်။ ဒဏ်ရာကင်းစင်နေဖို့ရယ် ပြိုင်ပွဲအတွင်းမှာ အကောင်းဆုံးကစားနိုင်ဖို့ လေ့ကျင့်မှုတွေကို အချိန်ယူပြုလုပ်ထားတယ်။ ပြိုင်ပွဲအတွင်း ပုံစံကောင်းရမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# လူမျိုးရေးခွဲခြားမှုဆန့်ကျင်ရေး အထိမ်းအမှတ်အဖြစ် စပိန်အသင်းနှင့်ဘရာဇီးအသင်းတို့ ခြေစမ်းပွဲစဉ်ကစားသွားမည်

**မက်ဒရစ် ဇွန် ၁၄**

လူမျိုးရေး ခွဲခြားခံခဲ့ရသည့် ဘရာဇီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းကြယ်ပွင့်ကစားသမား ဗင်နီစီးယက်စ်ကို အားပေးသည့်အနေဖြင့် လူမျိုးရေးခွဲခြားမှုအထိမ်းအမှတ်ခြေစမ်းပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် စပိန်အသင်းတို့ နိုင်ငံတကာခြေစမ်းပွဲစဉ် ကစားမည်ဖြစ်ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ်(၃၅)အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဗလင်စီယာ အသင်းပရိသတ်များအနေဖြင့် ပွဲချိန်တစ်လျှောက်လုံး ဗင်နီစီးယက်စ်ကို လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့ပြီး ဗင်နီစီးယက်စ်က ပွဲကို ဆက်လက်ကစားခြင်းမရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာခဲ့သော်လည်းနောက်ပိုင်းတွင် နည်းပြအန်ဆယ်လော့တီ၏ဖျောင်းဖျမှုဖြင့် ပြိုင်ပွဲကို ဆက်လက်ကစားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားများက ဗယ်လ်ကာနိုအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဗင်နီစီးယက်စ်ကို အားပေးသည့်အနေဖြင့် ၎င်း၏ကျောနံပါတ်ကို တူညီဝတ်ဆင် ဂုဏ်ပြုခဲ့ကြသည်။

ယခုအခါတွင်လည်း ဗင်နီစီးယက်စ်ကို အားပေးဂုဏ်ပြုသည့်အနေဖြင့် လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့် အထိမ်းအမှတ်အဖြစ် ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စပိန်လာလီဂါအဖွဲ့ချုပ်တို့ နိုင်ငံတကာ ခြေစမ်းပွဲစဉ်ကစားရန် ဆွေးနွေးခဲ့ရာတွင် သဘောတူညီမှုရရှိခဲ့ပြီး အဆိုပါပွဲစဉ်ကို လာမည့် ၂၀၂၄ ခုနှစ် မတ်လတွင် ရီးရဲလ်မက်ဒရစ်အသင်းအိမ်ကွင်းတွင် ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

# အမွေထိန်းလက်မှတ်စာသည် အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့် မသက်ဆိုင်ပါ

စိန်လှိုင်ဗိုလ်

အမွေထိန်းလက်မှတ်စာရရှိခြင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ခြင်းတို့၏ သဘောသဘာဝသည် မတူကွဲပြားခြားနားသည်။ အမွေထိန်းလက်မှတ်စာရခြင်းသည် ထိုလက်မှတ်နှင့်သက်ဆိုင်သည့်ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့်ရခြင်းသာဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့် ပေးခြင်းမဟုတ်ပါ။ အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးက မြေနှင့်အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်အတွက် ခွင့်ပြုမိန့်လက်မှတ်ပေးရန် တရားရုံးသို့လျှောက်ထားရာမှ ပေါ်ပေါက်လာသောဥပဒေပြဿနာတစ်ရပ်ကို လမ်းညွှန်စီရင်ထုံး ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး မြောက်ပိုင်းခရိုင် တရားမအထွေထွေမှုအမှတ်-၂၀/၉၉ တွင် ဦးပါစီလောင်းက ၎င်းသည် အမွေထိန်းလက်မှတ်စာ ရရှိခဲ့ပြီးဖြစ်သည့် မြေနှင့်အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်အတွက် ခွင့်ပြုမိန့်ချမှတ်ပေးရန် လျှောက်ထားရာ ပလပ်ခြင်းခံခဲ့ရသည်။ တိုင်းတရားရုံးအမိန့်ကို ဦးပါစီလောင်းက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ တရားမအထွေထွေအယူခံမှုကို တင်သွင်းလာခဲ့သည်။

ဦးပါစီလောင်းသည် ကွယ်လွန်သူ ဦးအယ်လ်ထင်းစိန်-ဒေါ်သောင်းတင်တို့ ကျန်ရှိခဲ့သောပစ္စည်းဖြစ်သည့် အင်းစိန်တိုက်နယ် မြေတိုင်းရပ်ကွက် အမှတ်(၁၀-F)၊ မြေကွက်အမှတ်-၅၁၊ မြေအမျိုးအစား-မြေပိုင်မြေ (အိမ်ရာမြေရရှိပြီး) ဧရိယာ သုည ဒသမ ၃၈၂ ဧကအပါအဝင် မြေပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာ ရရှိခဲ့သည်။


ထို့နောက် အမွေထိန်းလက်မှတ်စာရရှိသူ ဦးပါစီလောင်းက ထိုမြေနှင့်အဆောက်အအုံကို **စီမံခန့်ခွဲခွင့်ရရှိနိုင်ရန်** ရန်ကုန်တိုင်းတရားရုံး မြောက်ပိုင်းခရိုင်သို့ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂) အရ တရားမအထွေထွေမှုအမှတ်-၅၉/၉၈ တွင် လျှောက်ထားရာ ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့တွင် ခွင့်ပြုမိန့် ရရှိပြီးဖြစ်သည်။

ထိုတရားမအထွေထွေမှုအမှတ်-၅၉/၉၈ ကို လျှောက်ထားစဉ်က အမွေထိန်းခွင့်ရရှိခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်ဟူသောအချက် မပါရှိ ကျန်ရစ်ခဲ့သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်အတွက် ခွင့်ပြုမိန့်ချမှတ်ပေးရန် ၎င်းအက်ဥပဒေပုဒ်မ-၃၀၇(၂) အရ ဦးပါစီလောင်းက ဒုတိယအကြိမ် ထပ်မံလျှောက်ထားခဲ့ခြင်းဖြစ်သည်။

**အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုခွင့်ဆိုသည်မှာ အဆိုပါပစ္စည်းကို စီမံခန့်ခွဲခွင့်မဟုတ်ဘဲ သီးခြားတောင်းဆိုသော သက်သာခွင့်တစ်ရပ်ဖြစ်ကြောင်း၊** လျှောက်ထားသူအနေဖြင့် မြေပုံမြေရာဇဝင်ကူးယူခွင့်၊ ခွဲစိတ်ရောင်းချပေးကမ်းခွင့် စသည့်စီမံခန့်ခွဲခွင့်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အလို့ငှာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက်ပြုလုပ်ရန်မလိုအပ်ကြောင်း၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၂)အရ အမွေထိန်းလက်မှတ်စာရရှိထားသော အဆိုပါပစ္စည်းများကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်နိုင်ခွင့်ဟူသော သီးခြားသက်သာခွင့်တစ်ရပ်ကို တောင်းဆိုခွင့်မရှိကြောင်း သုံးသပ်၍ ရန်ကုန်တိုင်းတရားရုံးက အမှုကိုပလပ်ခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲတွင် ဦးပါစီလောင်းက အစိကစစ်မေးချက်၌ "အခု ကျွန်တော်လျှောက်ထားခြင်းမှာ အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ် ချုပ်ဆိုနိုင်ရန်နှင့် ထိုသို့ချုပ်ဆိုပြီးနောက် မြေပုံမြေရာဇဝင်ကူးယူခွင့်၊ မြေကွက်ခွဲစိတ်ခွင့်၊ ရောင်းခြင်း၊ ပေးကမ်းခြင်း၊ မြေပေါ်ရှိအဆောက်အအုံများကို ပေးကမ်းခြင်း စသည့် စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ကိုင်လိုပါသည်"ဟု အထင်အရှား ထွက်ဆိုထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်သုံးသပ်ခဲ့သည်။




အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိခြင်းသည် အမွေဆက်ခံပိုင်ဆိုင်ခြင်းနှင့် သဘောသဘာဝအားဖြင့် မတူကွဲပြားခြားနားကြောင်း၊ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ပစ္စည်းကိုလက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူအား ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ပေးဆပ်ပြီးနောက် ကျန်ရစ်သောပစ္စည်းတို့ကို ကွယ်လွန်သူ၏အမွေဆက်ခံထိုက်သူတို့အား ခွဲဝေပေးစေနိုင်ရေးအတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထားပေးရန်ဖြစ်သည်။ မမေပါ ၂ နှင့် မသိန်းရင်အမှု အောက်မြန်မာပြည်စီရင်ထုံးများ အတွဲ-၄ စာ-၂၈၇ စီရင်ထုံးကို ရည်ညွှန်းခဲ့သည်။

တစ်နည်းအားဖြင့် **အမွေထိန်းလက်မှတ်စာရခြင်းသည် ထိုလက်မှတ်နှင့်သက်ဆိုင်သည့်ပစ္စည်းကို စီမံခန့်ခွဲခွင့်ရရှိခြင်းသာဖြစ်၍ အမွေဆက်ခံပိုင်ခွင့် ခွင့်ပေးခြင်းမဟုတ်ပေ။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်ကို အဆုံးအဖြတ်ပေးခွင့်မရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။**

အယူခံတရားလိုသည် အချင်းဖြစ်မြေနှင့်အဆောက်အအုံတို့ကို မြွက်ဟကြေညာပေးစေရန် လျှောက်ထားခြင်းဖြစ်ရာ ထိုကဲ့သို့ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေရန်အတွက် သီးခြားတောင်းဆိုသည့် သက်သာခွင့်ကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂) တွင် ခွင့်ပြုထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မူလတိုင်းတရားရုံးက အမွေထိန်းလက်မှတ်စာ ရရှိထားသော အချင်းဖြစ်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ်ပြုလုပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂) အရ ဦးပါစီလောင်း၏ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)အရ ဦးပါစီလောင်းက ပထမအကြိမ် လျှောက်ထားစဉ်က အမွေထိန်းလက်မှတ်စာ ရရှိထားသည့် ပစ္စည်းဖြစ်သည့် မြေနှင့်အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရန် သို့မဟုတ် မြေကွက်ခွဲရန်၊ မြေတိုင်းရန်၊ စွန့်လွှတ်ရန်၊ သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းကိုဆောင်ရွက်ရာ၌ လိုအပ်သည့် မြေပုံမြေရာဇဝင် ကူးယူခြင်း၊ ဆောက်လုပ်သည့်အဆောက်အအုံကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ လှူဒါန်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများပြုလုပ်ရန်၊ ခွင့်ပြုမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သည်။

ဦးပါစီလောင်းက အမွေထိန်းလက်မှတ်စာ ရထားသည့်ပစ္စည်းကို ရောင်းချရန် သို့မဟုတ် ပေးကမ်းရန် သို့မဟုတ် လဲလှယ်ရန်ဟူ၍ မိမိဆောင်ရွက်လိုသည့် ကိစ္စတစ်ရပ်ရပ်အတွက် တိတိကျကျ ခွင့်ပြုမိန့်တောင်းခံခြင်း မပြုသကဲ့သို့ တိုင်းတရားရုံးက အမိန့်ချမှတ်ရာ၌ ဦးပါစီလောင်းလျှောက်ထားသည့်အခွင့်အာဏာများကို အမွေဆိုင်အနီးစပ်ဆုံး ဆွေမျိုးများ၏ သဘောတူသည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်ချမှတ်ပေးလိုက်သည်ဟူ၍ အမိန့်ချမှတ်ခဲ့ခြင်းမှာ တိကျသေချာမှုမရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)တွင် အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသည့်တရားရုံး၏ ခွင့်ပြုချက်ရရှိလျှင် အမွေထိန်းတစ်ဦးတစ်ယောက်သည် ၎င်းအက်ဥပဒေပုဒ်မ-၂၁၁ အရ ၎င်းကို လွှဲအပ်ထားရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း၊ ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို ပြုလုပ်ခွင့်ရှိစေသည်။ အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦးသည် အမွေဆိုင်အားလုံးကိုယ်စား ပစ္စည်းကို စီမံခန့်ခွဲခွင့်ရရှိခြင်းဖြစ်သဖြင့် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက ၎င်းကို လွှဲအပ်ထားသည့် ပစ္စည်းများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း ပြုလုပ်နိုင်သည်ဖြစ်၍ **ထိုသို့ပြုလုပ်ခွင့်ရရှိရန်အတွက် ပစ္စည်းကိုပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုခွင့်တောင်းခံရန်မလိုကြောင်း** အခြားသက်ဆိုင်ရာဌာနများကလည်း အမွေဆိုင်အားလုံး၏ကိုယ်စား အမွေထိန်းလက်မှတ်စာ ရရှိသူတစ်ဦး၏ စီမံခန့်ခွဲမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးရမည်သာဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာရရှိထားသူ ဦးပါစီလောင်းသည် အချင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုတစ်ခုခု လုပ်ဆောင်လိုပါက အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့်တရားရုံးတွင် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိလုပ်ဆောင်လိုသည့် ကိစ္စတစ်ရပ်ရပ်ကို တိတိကျကျဖော်ပြ၍ တရားရုံး၏ခွင့်ပြုချက်ကို တောင်းခံနိုင်ပြီး သက်ဆိုင်ရာတရားရုံးအနေဖြင့်လည်း ၎င်းအက်ဥပဒေပုဒ်မ-၃၀၇(၂) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိကျသေချာသည့် အမိန့်တစ်ရပ်ကို ချမှတ်ပေးရန် ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်၍ ဦးပါစီလောင်း၏ အထွေထွေအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ဤလမ်းညွှန် စီရင်ထုံးအရ အမွေထိန်းလက်မှတ်စာ ရရှိထားသူသည် ထိုလက်မှတ်နှင့်သက်ဆိုင်သည့် ပစ္စည်းကို စီမံခန့်ခွဲပိုင်ခွင့်ရရှိထားခြင်းသာဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့် ပေးခြင်းမျိုးမဟုတ်ရာ ဦးပါစီလောင်းက အမွေထိန်းခွင့် ရရှိခဲ့သောပစ္စည်းများနှင့် ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ပြုလုပ်ရန် လျှောက်ထားခြင်းမှာ ဥပဒေနှင့်မညီကြောင်း သိရှိနိုင်ကြရန်ဖြစ်သည်။ **ဦးပါစီလောင်း ၁၉၉၉ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ်-၈၂** ကို ရည်ညွှန်း ကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# သဲကုန်းမြို့နယ် ကျွဲပလုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**သဲကုန်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာထောင်ကုန်းကျေးရွာနှင့် ကျွဲပလုပ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးပေးခြင်းကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ကျွဲပလုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များက ရွာထောင်ကုန်းကျေးရွာနှင့် ကျွဲပလုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၇၅ သန်းနှင့် အသက်မွေးဝမ်း ငွေကျပ် ၁၀ ဒသမ ၃၂၅ သန်း ထုတ်ချေးကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ပေးခဲ့ကြောင်း သိရသည်။



**သန္တာ**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက စမ်းသပ်မှုများပြုလုပ်ခဲ့သော မျိုးဆက်သစ်ချူကလီးယားပဲ့ထိန်းဒုံးကျည် တပ်တော်ဝင်အသုံးပြုနိုင်တော့မည်



အိန္ဒိယနိုင်ငံသည် ၎င်း၏မျိုးဆက်သစ်နျူကလီးယားပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီး တပ်တော်ဝင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း www.the defensepost.com သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Agni Prime ၏ ပထမဆုံးတပ်တော်မဝင်မီ ညအချိန် စမ်းသပ်ပစ်လွှတ်ခဲ့မှုသည် မျိုးဆက်သစ်ပဲ့ထိန်းဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စမ်းသပ်မှုသုံးခုကို ပြုလုပ်နိုင်ခဲ့ပြီးနောက် တိကျမှုနှင့် ယုံကြည်စိတ်ချရမှုကို ထပ်မံသက်သေပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ရေဒါ၊ တယ်လီမီတာ၊ Electrooptical ခြေရာခံစနစ်များနှင့် တိုင်းတာရေးသင်္ဘောနှစ်စီးအပါအဝင် အကွာအဝေးတိုင်းတာရေးအတွက် ဒုံးကျည်ပစ်လွှတ်သည့်နေရာနှင့် ပစ်မှတ်ကြား မတူညီသောနေရာများတွင်ဖြန့်ကြက်ချထားပြီး ဒုံးကျည်၏ လမ်းကြောင်းတစ်ခုလုံးကို လွှမ်းခြုံ၍ ပျံသန်းမှုအချက်အလက်များကို ဖမ်းယူသိရှိနိုင်စေရန်အတွက်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၂၀၀၀ (၁၂၄၃မိုင်) ထိ ပျံသန်းရောက်ရှိနိုင်ပြီး အိန္ဒိယနိုင်ငံ၏ အခြားနျူကလီးယားစွမ်းရည်ရှိသော ဒုံးကျည်များထက် ပစ်မှတ်အားပိုမိုတိကျစွာ တိုက်ခိုက်နိုင်ကာ ရန်သူမှကြားဖြတ်ဟန့်တားရန်ခက်ခဲလိမ့်မည်ဟု သိရသည်။ အဆင့်နှစ်ဆင့်ပါ အစိုင်အခဲလောင်စာသုံးဒုံးကျည်တွင် နောက်ဆုံးပေါ် လမ်းကြောင်းပြစနစ်များအပြင် Composite အသစ်များ၊ တွန်းကန်အားစနစ်များ၊ ဆန်းသစ်သောလမ်းညွှန်မှုနှင့် ထိန်းချုပ်လုပ်ဆောင်မှုယန္တရားများပါရှိသည်ဟု The Print သတင်းဌာနက ရေးသားဖော်ပြထားသည်။

အဆိုပါလက်နက်သည် အဆင့်မြင့် Ring-Lasergyroscopes-အခြေပြု Inertial Navigation System စနစ်ကြောင့် တိကျမှုမြင့်မားပြီး ကမ္ဘာ့လေထုထဲသို့ ဝင်ရောက်ချိန်တွင် ၎င်း၏လှုပ်ရှားစစ်ကစားမှု၊ ပျံသန်းနိုင်မှုသည် ကြားဖြတ်ရန်ခက်ခဲစေသည်ဟု သတင်းရင်းမြစ်က ရှင်းပြသည်။ ဒုံးပြွန်ဖြင့် ထည့်သွင်းပစ်လွှတ်နိုင်သော ဒုံးကျည်သည် Agni 3 ဒုံးကျည်၏ အလေးချိန်ထက်ဝက်ခန့်ရှိသည်။ ဒုံးကျည်ကို ရထား၊ ကားလမ်းတို့မှသယ်ယူပို့ဆောင်ခြင်းနှင့် ပစ်လွှတ်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**India Set to Induct Next-Gen Nuclear Ballistic Missile Following Trial ကို ဘာသာပြန်ဆိုထားပါသည်။**

## တာဝေးပစ်ဒုံးကျည်များ ယူကရိန်းသို့ပံ့ပိုးရန် ဘိုင်ဒင်ကို အမေရိကန်လွှတ်တော်အမတ်များ တိုက်တွန်း

ATACMS ဒုံးကျည်များအပါအဝင် ယူကရိန်းသို့ ပိုမိုစွမ်းရည်ရှိသောတာဝေးပစ်ဒုံးကျည်များ ပံ့ပိုးပေးအပ်သွားရန် အမေရိကန်လွှတ်တော်အမတ်အဖွဲ့တစ်ဖွဲ့က သမ္မတဂျိုးဘိုင်ဒင်ကို တိုက်တွန်းခဲ့ကြောင်း ဇွန် ၁၂ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

အောက်လွှတ်တော်အမတ် Jason Crow (D-CO-06) ဦးဆောင်ပြီး For Country Caucus အဖွဲ့ဝင်များ၏ ညွှန့်ပေါင်းအဖွဲ့မှ ရုရှားတပ်ဖွဲ့များသည် HIMARS ဒုံးကျည်များအကွာအဝေးမှ အဓိကအချက်အခြာကျသော ပိုင်ဆိုင်မှုများကို ရွှေ့ပြောင်းခဲ့သည့် ယူကရိန်းနိုင်ငံသားများအတွက် တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်လိုအပ်ကြောင်း ရေးသားတင်ပြခဲ့သည်။

အကွာအဝေး ၁၉၉ မိုင် (ကီလိုမီတာ ၃၂၀) ထိ တိုက်ခိုက်နိုင်စွမ်းရှိသော ATACMS ဒုံးကျည်သည် ယခင်နှစ်ကတည်းက ယူကရိန်းတို့ တပ်ဖြန့်အသုံးပြုနိုင်ခဲ့သည့် HIMARS အတွဲလိုက်ပဲ့ထိန်းဒုံးကျည်စနစ် (Guided Multiple Launch Rocket System)ထက် လေးဆပိုမိုပစ်ခတ်နိုင်သည်။

HIMARS လက်နက်စနစ်တွင် တပ်ဆင်ပစ်လွှတ်နိုင်သည့် မြေပြင်မှမြေပြင်ပစ် ATACMS ဒုံးကျည်များကို ယူကရိန်းတို့ဘက်က ရုရှားပိုင်နက်အတွင်း ပစ်မှတ်များအား တိုက်ခိုက်နိုင်မည်ကို စိုးရိမ်သဖြင့် ယူကရိန်းထံပေးပို့ရန် ငြင်းဆိုထားခြင်းလည်းဖြစ်သည်။

ဗြိတိန်နိုင်ငံမှ Storm Shadow ခရုဇ်ဒုံးကျည်ပေးရန် ဆုံးဖြတ်ချက်ချခဲ့မှုမှ တွန်းအားတစ်ရပ် ပိုမိုဆိုးရွားလာမည်ကို ကြောက်ရွံ့မှုအားချေဖျက်ရန် ကြိုးပမ်းရာတွင် ယူကရိန်းနိုင်ငံကို Storm Shadow ခရုဇ်ဒုံးကျည်များပေးပို့ခြင်း၏ နမူနာကို ထောက်ပြခဲ့ပြီး ၎င်းခရုဇ်ဒုံးကျည်များသုံး၍ ရုရှားနိုင်ငံအတွင်း ပစ်မှတ်များအပေါ် တိုက်ခိုက်လာနိုင်မှုအလားအလာကို ကိုးကားဖော်ပြခဲ့သေးသည်။

"ယူကရိန်းက သူ့ရဲ့ Storm Shadow ဒုံးကျည်တွေကို ယူကရိန်းပိုင်နက်မှာ ရုရှားတပ်တွေကို တိုက်ခိုက်ဖို့ပဲ အသုံးပြုမယ်လို့ ယူကရိန်းအရာရှိတွေရဲ့ အာမခံချက်တွေနဲ့ အစီရင်ခံတင်ပြထားတာကြောင့် Storm Shadow ဒုံးကျည်တွေ ယူကရိန်းထံပေးပို့ခဲ့တာကို ကျွန်ုပ်တို့အားပေးပါတယ်" ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ ယူကရိန်းသို့ အမေရိကန်ထုတ်တာဝေးပစ်ဒုံးကျည်များ ပေးအပ်မှုမပြုဟု သမ္မတဘိုင်ဒင်က ငြင်းဆိုခဲ့သည့်အတွက် ယခုကဲ့သို့ တိုက်တွန်းလာခဲ့ခြင်းလည်းဖြစ်သည်။



**US Lawmakers Urge Biden to Send Longer-Range Missiles to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အနောက်နိုင်ငံများက ပံ့ပိုးပေးသောစစ်လက်နက်ပစ္စည်းများ ယူကရိန်းတွင် ရာနှင့်ချီဆုံးရှုံးခဲ့ကြောင်း သမ္မတပူတင်ပြော

ယူကရိန်းတပ်ဖွဲ့များသည် အနောက်နိုင်ငံများက ပံ့ပိုးပေးသော စစ်လက်နက်ပစ္စည်းများ တင့်ကားအမြောက်အမြားနှင့် သံချပ်ကာယာဉ် ရာပေါင်းများစွာဆုံးရှုံးခဲ့ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဇွန် ၁၃ ရက်တွင် စစ်သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယူကရိန်းတပ်များသည် ၎င်းတို့၏ တန်ပြန်ထိုးစစ်ပြုလုပ်ခဲ့သည့် ရှေ့တန်းစစ်မျက်နှာတိုင်းတွင် အောင်မြင်မှုမရရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အဓိကစစ်မျက်နှာစာလေးခုတွင် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်ဆင်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အနောက်နိုင်ငံများက ပံ့ပိုးပေးထားသော စစ်လက်နက်ပစ္စည်းများ အပါအဝင် ယူကရိန်းတို့၏ အရန်တပ်များကိုပါ တိုက်ခိုက်ဖယ်ရှားနိုင်ခဲ့ကြောင်း ကရင်မလင်နန်းတော်၌ စစ်သတင်းထောက်များနှင့် တွေ့ဆုံစဉ် ရုရှားသမ္မတ ပူတင်က ထည့်သွင်းပြောကြားခဲ့သည်။



ယူကရိန်းနိုင်ငံသည် အနည်းဆုံး တင့်ကားအစီးရေ ၁၆၀ နှင့် သံချပ်ကာယာဉ်အစီး ၃၆၀ ဆုံးရှုံးခဲ့ပြီး ရုရှားတပ်ဖွဲ့ဝင်များ၏ ဖျက်ဆီးခံရသောစစ်လက်နက်ပစ္စည်းများသည် ယူကရိန်းသို့ အနောက်နိုင်ငံက ပံ့ပိုးပေးထားသည့် စစ်လက်နက်ပစ္စည်းအားလုံး၏ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြားရှိကြောင်း ရုရှားသမ္မတပူတင်က ခန့်မှန်းထားသည်။

"တာဝေးပစ်တိကျတဲ့တိုက်ခိုက်မှုတွေကြောင့် ကျွန်တော်တို့မမြင်နိုင်တဲ့ဆုံးရှုံးမှုတွေလဲရှိပါသေးတယ်"ဟု ရုရှားသမ္မတပူတင်က ပြောကြားခဲ့ပြီး ယူကရိန်း၏ အမှန်တကယ်ဆုံးရှုံးမှုသည် ၎င်းထုတ်ဖော်ပြောကြားခဲ့သည့် ကိန်းဂဏန်းများထက် ပိုများနိုင်ကြောင်း၊ တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုနှင့်ပတ်သက်၍ ၎င်းက ယူကရိန်းအောက် ရုရှားဘက်မှ အသေအပျောက် ဆယ်ဆနည်းပါးကြောင်း ပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းတွင် ရုရှားစစ်ဘက်၏အထူးစစ်ဆင်ရေး အခြေခံပန်းတိုင်များသည် မူလအတိုင်းပင်ဖြစ်ပြီး ပြောင်းလဲရန်အစီအစဉ်မရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ပူတင်က ရုရှားနိုင်ငံသည် ယူကရိန်းနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိရန် စိတ်ရင်းမှန်ဖြင့် ကြိုးပမ်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဆောင်းဦးရာသီတွင် ဆန္ဒခံယူပွဲများ ဆက်တိုက်ပြုလုပ်ပြီးနောက် ရုရှားနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် အရှေ့တောင်ပိုင်း ယူကရိန်းဒေသဟောင်းများနှင့်ပတ်သက်သည့်ကွဲလွဲမှုများကိုဖြေရှင်းရန် ရုရှားက ဆက်လက်ထိန်းသိမ်းထားကြောင်း သမ္မတပူတင်က ပြောကြားသည်။

ယူကရိန်းတပ်ဖွဲ့များသည် တိုက်ခိုက်မှုအတွင်း တင့်ကားများနှင့် သံချပ်ကာယာဉ်များအပါအဝင် ယူကရိန်းတပ်ဖွဲ့ဝင်အများအပြား ဆုံးရှုံးသွားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားတပ်ဖွဲ့များက ယူကရိန်းအကြီးစားစက်ယန္တရားကြီးများ အောင်မြင်စွာပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို ဇွန် ၁၃ ရက်က ဗီဒီယိုဖိုင်တစ်ခုပြသခဲ့သည်။ အဆိုပါဗီဒီယိုဖိုင်တွင် ရုရှားစစ်သည်များသည် ဂျာမနီထုတ် Leopard 2 ပင်မတိုက်ပွဲဝင်တင့်ကားနှင့် အမေရိကန်ထုတ် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များကို သိမ်းဆည်းရမိကြောင်း ပြသထားခဲ့သည်။

**Ukraine has lost hundreds of pieces of Western-supplied hardware – Putin ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win inspects relief and rehabilitation works in Sittway Township, Rakhine State; honours departmental personnel, relief teams and welfare teams for their exceptional efforts in relief undertakings



Vice-Senior General Soe Win meets those helping with cleaning up, and rehabilitation work after the storm.

**Nay Pyi Taw June 14**

Chairman of National Natural Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by SAC members Admiral Tin Aung San and Dr Aung Kyaw Min, union ministers U Ko Ko Hlaing, U Maung Maung Ohn, Dr Myo Thein Kyaw and Dr Thet Khaing Win, senior military officers from Office of Commander-in-Chief, deputy ministers and officials, arrived at the airport and was welcomed by union ministers Lt-Gen Tun Tun Naung, U Myo Thant and Dr Thet Thet Khaing, the Rakhine State chief ministers, the Western Command commander and officials.

At Kaladan multipurpose port in Sittway, the Vice-Senior General and party observed the arrival of cargo ships, unloading of relief and rehabilitation aid by volunteers. They also gave guidance to officials.

At Sittway University, the Vice-Senior General heard a report on progress in repairing the convocation hall, and conducting of third year and fourth year courses and first year and second year honor courses presented by Rector Dr Khin Maung Zaw and officials. In response, the Vice-Senior General stressed the need to complete the roofing work within a month, to maintain the university's prestige in repairing it, and to carry out interior and exterior beautification task. He gave words of encouragement to students of master's degree courses and observed the work of volunteers.



Vice-Senior General Soe Win inspects the port.

The Vice-Senior General inspected the repair of a 12,900 feet section of Sittway Strand Road (Shukintha Road) from Sartaik junction to Sittawy Hotel.

At the briefing hall, Union Minister for Construction U Myo Thant reported on road repair work. The Vice-Senior General looked into the requirements.

During inspection of the 500-bed general hospital, the Vice-Senior General attended to the needs after hearing a report on Obstetrics and Gynecology Ward, COVID-19 Ward, kidney treatment centre, oral treatment centre, and servant quarters that were damaged by cyclone Mocha presented by the medical superintendent. He asked after the health of Donpaik Sayadaw, aged 105, wasa 85, from Donpaik village, Yathetaung Township, who was receiving medical treatment.

After visiting patients and presenting them foodstuff, he inspected the kidney treatment centre. He also gave words of encouragement to students at No 1 Basic Education High School Sittway.

At the Lawkananda Pagoda compound, the Vice-Senior General attended the ceremony to honour departmental personnel, relief teams and welfare teams who made exceptional efforts in cleaning the debris of Sasana Beikman flattened by Mocha.

In his address, the Vice-Senior General honoured members of Myanmar Police Force, Red Cross, fire brigades, and welfare organizations for making selfless and exceptional efforts in carrying out relief and rescue works with goodwill. International community including ASEAN was anticipating that loss would be extremely high. Led by the Prime Minister, preparatory measures were taken with great vision. When a Low Depression Area formed on 6 May, plans were laid down to form the Disaster Management Centre (DMC), which could actually be set up on 8 May.

For the people to be free from dangers, necessary ministries cooperate with each other in grouping themselves under the observation of the Department of Meteorology and Hydrology to make preparations by taking lessons from the past cyclone Nargis. Although the storm fell on 14 May, the government has made preparations for functioning all since 6 May. As the storm started at a time when tide rose, the area faced minimizing loss. As the Prime Minister announced the red level of weather earlier than the schedules, evacuation could be done sooner. Hence, casualties could be reduced to the least amount. In the aftermath of the storm, searching, rescue and rehabilitation could be done earlier. The Prime Minister instructed him to properly honour those from rescue teams and philanthropic teams who actively participated in the relief measures with sacrifice in storm affected areas.

The progress of rehabilitation could be seen satisfactorily *See Page 13*



Vice-Senior General Soe Win hears report at the university.



Vice-Senior General Soe Win offers cash donation to a Sayadaw receiving hospital treatment.

*From Page 12*

after one month thanks to the endeavours of volunteers in comparison with the scenes of loss and damage in the storm. The Vice-Senior General recognized cooperation of people from urban and wards in taking rehabilitation measures under the arrangement of the State. As life of people is forever but life of service personnel is a short period in serving the interests of the relevant regions, people should participate in the tasks to benefit the regions in full swing.

With regard to the education sector, although a total of 1,583 schools were damaged by the storm, high schools were repaired on priority to open them on 1 June under the arrangement of the Prime Minister. In line with the policy that all school-age children must be enrolled and all students must pass the KG+9 scheme, an emphasis is being placed on education sector. Opening school on 1 June helps ease tension of the students' parents.

In the health sector, the policy that nothing is important than life period has been implemented since the Covid-19 infection. Priority is being given to make necessary preparations for hospitals.



Vice-Senior General Soe Win presents gift to a patient.

Communication sector is of great importance. Now, communication functions are being operated by a cent per cent as usual. The Disaster Management Centre-DMC holds the regular meetings daily for effectively implementing the daily functions in respective sectors without difficulties for doing coordination and giving instruction. The Prime Minister gives guidance on rehabilitation with a keen observation.

The storm killed 148 persons and caused loss of some K522 billion. Those dead persons refused evacuation of officials to safer places, so they lost lives. As the relevant organizations systematically managed the relief measures, rehabilitation can be done now. A total of 17 townships from Rakhine State and four townships in Chin State were declared as natural disaster hit regions under the Section 11 of the Disaster Management Law. Tractors, cattle and seeds are being provided for agricultural sector of Sittway, Maungtaw and Rathetaung townships faced severe destruction of the storm.



Vice-Senior General Soe Win comforts a patient.

Although international community, ASEAN and neighbouring countries expected Myanmar might face tremendous loss, the unity and proper cooperation could minimize loss and damage in line with the motto: Strength of the nation lies within. Moreover, rehabilitation tasks could be undertaken rapidly.

The Vice-Senior General expressed his thanks to all organizations and people for their cooperation in relief and rehabilitation measures.

The Vice-Senior General and Council member Dr Aung Kyaw Min presented awards to departmental personnel, relief teams and volunteer teams for their sacrifices in cleaning up the debris due to storm Mocha.

The cash awards presented to a total of 20 relief and rescue teams and charity organizations today amounted to Ks49 million.

The Vice-Senior General paid homage to Abbot of Pannita Nandayama Monastery in Magyimyaing Ward of Sittway Agga Maha Ganthavacaka Pandita Bhaddanta Nandasiri and offered alms. 100



Vice-Senior General Soe Win presents cash award to volunteers.



Vice-Senior General Soe Win presents cash award to volunteers.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting on Rakhine State natural disaster rehabilitation


Vice-Senior General Soe Win addresses the meeting.

**Nay Pyi Taw June 14**

A coordination meeting on natural disaster rehabilitation in Rakhine State was held at the Rakhine State Government Office this evening and Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were members of the SAC Admiral Tin Aung San and Dr Aung Kyaw Min, union ministers, the chief minister of Rakhine State, senior officers from the Office of the Commander-in-Chief of Defence Services, the commander of the Western Command, deputy ministers and departmental officials.

First, Union Minister Lt-Gen Tun Tun Naung and Chief Minister U Htein Lin of Rakhine State reported to the Vice-Senior General on implementation of the instructions of the SAC Chairman Prime Minister, inspections made at disaster-hit areas to carry rescue efforts and to deliver aid, damage caused by the storm, efforts to restore the communication sector, repairs of cable networks in Sittwe, measures taken by the electricity sector to resume elec-tricity supply as soon as possible, distribution of potable water, measures taken for the education, health and road and bridge, agriculture, livestock breeding and irrigation sectors, rehabilitation of losses and damage, distribu-tion of relief items and donations received.

Then, union ministers and deputy ministers reported to the Vice-Senior General on requirements for relief, reconstruction and rehabilitation efforts for disaster-hit Rakhine State of relevant sectors.

Afterward, the Vice-Senior General coordinated the needs for the re-ports and delivered a speech, saying tangible success has been achieved thanks to the efforts of relevant departments which are carrying out rehabili-tation efforts and cooperation of local residents in Rakhine State including in Maungtaw and Buthidaung and responsible officials are required to maintain the momentum before appreciating the efforts of the officials.

In connection with agriculture, measures have been taken to distribute paddy seeds that are compatible with the region in a timely manner and it is necessary for local farmers to grow them in accordance with four methods of growing paddy and to make 85 tractors from the Department of Mechanized Farming available in necessary townships in Rakhine for monsoon paddy while plans are underway to send more hand tractors.

As for foodstuffs, measures have been taken to enable all the people in Rakhine State to consume sufficient food and it is necessary for the state government to exert efforts to carry out manageable level agriculture and livestock breeding activities to produce meat, fish, eggs and vegetables in coopera-tion with the Ministry of Agriculture, Livestock and Irrigation to pre-vent rising food prices. The Rakhine State Government is required to coordi-nate with relevant ministries for required capital investment, construction of buildings to carry out livestock breeding in farm systems, technologies and inputs as soon as possible. According to principles, if the demand exceeds the supply, commodity prices will rise spontaneously. As a result, it is neces-sary to take measures to prevent rising commodity prices on the one hand and to supply sufficient meat, fish, eggs and vegetables sufficiently on the other hand. Such efforts amount to implementing a cash for work program. Only when security of food, water and basic needs is guaranteed, will local residents be able to cultivate monsoon paddy effectively.

In connection with the communication sectors, 892 out of 1,233 radio stations have been repaired and as about 99.03 percent of the tasks have been carried out, it is necessary to make efforts to complete all repair works. In the electricity sector, Ponnagyun-Sittwe No 1 power line resumed elec-tricity supply to 66-KV sub-power station (1) in Sittwe on 6 June and Setyokya sub-power station (2) in Sittwe on 8 June and have supplied elec-tricity to 33 wards in Sittwe at 100 percent through 245 transformers. The 10/0.4 KV sub-power station in Ponnagyun was able to resume electricity supply to all downtown wards through 29 transformers on 7 June. It is nec-essary to exert efforts to resume electricity supply in the remaining town-ships in Rakhine State by the first week of July.

To make clean drinking water available, the Rural Development De-partment has deployed a tank vehicle, six mobile water purifying vehicles, each of which can purify 800 gallons of water per hour in Sittwe, Minbyar and Rathedaung, supplying 32,000 gallons of water every day in eight hour. Further measures are also being taken to supply sufficient potable water. It is necessary to distribute 210 life straws and mobile pumps, which have al-ready arrived at the Sittwe Port, as soon as possible.

Sanitation and maintenance tasks have been carried out in the gov-ern-ment technical high school, Sittwe University, Sittwe Technology Universi-ty and the computer university in Sittwe and the institutions have been reo-pened since 1 June. Similarly, high schools have been reopened since 1 June and more than 492,000 students are studying at the schools.

Healthcare services are being provided to local residents in 17 town-ship hospitals, 43 station hospitals in Rakhine State and two special healthcare teams and eight rapid response teams have been deployed in the state to provide healthcare services and the teams were able to give treat-ments to 17,239 outpatients and 33,527 inpatients.

To enable the public to use roads and bridges destroyed by the natural disaster without disruption, two bridge construction teams and seven special teams of the Bridge Management Department of the Ministry of Construction have been collecting construction materials to build temporary bailey bridges since 16 May and repairing roads and bridges since 18 May.

Concerning the distribution of aid donated by the international com-munity, it is necessary to seek approval from the state government in ac-cordance with rules and regulations when aid is distributed to IDPs and Bengalis. Aid for areas hit by the Mocha cyclone can be donated at the Disaster Management Committee in Yangon, which is the transportation hub of the country, through the Ministry of International Cooperation. The committee will distribute the aid to areas in need in Rakhine State and Chin State by vessel and aircraft. As such issues can cause misunderstanding, union-level officials who are responsible for rehabilitation should be cautious about them. The government will fully cooperate with the Humanitarian Country Team, the visit of the secretary general of the ASEAN as the ASEAN Humani-tarian Assistance Coordinator (SG-AHAC) to gauge the damage and the for-mation of the on-site operation coordination centre to systematically distrib-ute the aid.

In connection with the rehabilitation tasks, responsible officials at the national-, state-, district- and township-level are required to cooperate with the people concertedly.

In conclusion, the Vice-Senior General urged all to make concerted ef-forts to carry out rehabilitation tasks with united strength in accordance with the guidance of the Prime Minister to create a better Rakhine State than be-fore as the strength of a country lies inside. 100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win meets departmental staff, rescue and relief teams and charity organizations in Maungtaw and Buthitaung townships


Vice-Senior General Soe Win offers alms to Sayadaws.

**Nay Pyi Taw June 14**

Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who is currently in Sittway, and his entourage inspected rehabilitation work in Maungtaw and Buthitaung townships this afternoon, and separately met with departmental staff, rescue and relief teams and charity organizations at the district/township general administration offices.

First, chairmen of district/township administration bodies from Maungtaw and Buthitaung and senior officers tasked with supervising the rehabilitation work reported on ongoing rehabilitation tasks in the aftermath of the storm, providing of construction materials, preparations to ensure enough food supplies and prompt reconstruction of damaged schools. The Vice-Senior General then attended to the needs.

Then, the Vice-Senior General explained functioning of Disaster Management Centre-DMC, prioritizing the reconstruction of education, health, religious and governmental buildings, priority measures to ensure all the people live under the roof, plans for ploughing work and distribution of seeds for monsoon crop cultivation, measures to start opening schools on 1 June and efforts to ensure that students study under the roof, 99% completion of repairs of township-wise communication lines, storage of 10,000 tons of rice reserves (200,000 bags) before the storm, and the need to continue maintaining the tradition of unity and cooperation in rehabilitation work. After hearing reports from those present, he also attended to the needs. He then presented foodstuffs to the relief and rescue teams and charity organizations.

The Vice-Senior General and party visited the monasteries in Maungtaw and Buthitaung where they paid homage and offered rice and alms to the Sayadaws and members of the Sangha.

Afterwards, the Vice-Senior General and party inspected repair of buildings damaged by the storm at the people's hospitals in Maungtaw and Buthitaung. They then comforted the patients and presented food and cash assistance.

Later, the Vice-Senior General met officers and other ranks and their families at the local battalion and police force members and their families in the two townships. After hearing reports, the Vice-Senior General coordinated necessary matters and presented foodstuffs and cash awards. 100


Vice-Senior General Soe Win presents foodstuffs.


Vice-Senior General Soe Win presents foodstuffs to an official.


Vice-Senior General Soe Win presents foodstuffs to an official.


Vice-Senior General Soe Win presents foodstuffs to a patient.


Vice-Senior General Soe Win provides cash assistance to a patient.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က မိုခါမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့မှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေ၊ စစ်ဆေးတွေ့ရှိချက်များ၊ ဆက်သွယ်ရေးကဏ္ဍဆောင်ရွက်မှုအခြေအနေများ၊ စစ်တွေမြို့တွင်း ကေဘယ်ကွန်ရက်များ ပြုပြင်မှုအခြေအနေများ၊ လျှပ်စစ်ကဏ္ဍ ဆောင်ရွက်မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေး ပြင်ဆင်စုဖွဲ့ဆောင်ရွက်နေမှု၊ သောက်သုံးရေရရှိရေး ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပညာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လမ်းတံတားကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိဖြန့်ခွဲမှုအခြေအနေများနှင့် အလှူငွေများ လက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုအပေါ် ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပြန်လည်ထူထောင်ရေးကာလအတွင်း တာဝန်ယူဆောင်ရွက်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မြင်သာသော တိုးတက်မှုများတွေ့ရကြောင်း၊ အလားတူ မောင်တောနှင့် ဘူးသီးတောင်တို့တွင်လည်း တိုးတက်မှုများစွာတွေ့ရှိရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံမှုကောင်းစွာဖြင့် တာဝန်ရှိသူများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း။





**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီသော မျိုးစပါးများ အချိန်မီရောက်ရှိအောင် စီမံပေးလျက်ရှိပြီး အမှန်တကယ်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် စိုက်နည်းလေးသွယ်နှင့်အညီ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးထွန်ယက်ရေး အသုံးပြုရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း လိုအပ်သော မြို့နယ်များသို့ လယ်ထွန်စက် ၈၅ စီးဖြင့် ထွန်ယက်လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီမံထားပြီးဖြစ်ကြောင်းနှင့် လက်တွန်းလယ်ထွန်စက်များကို ထပ်မံပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအလိုက် အဆောက်အအုံများပြုပြင်ရာတွင် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုပြီး ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သော မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စားသောက်ကုန်နှင့် ပတ်သက်၍ ပြည်သူအားလုံး လုံလောက်စွာစားသောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသောက်ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်နှင့် တစ်အုပ်တစ်မစီးပွားဖြစ် မွေးမြူ၊ စိုက်ပျိုးနိုင်ရေး ထုတ်လုပ်နိုင်စေရန် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပေါင်းစပ်လျက် စတင်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် မတည်အရင်းအနှီးကိစ္စ၊ ခြကွက်စနစ်မွေးမြူနိုင်ရေး လိုအပ်သော အဆောက်အအုံဆောက်လုပ်ရေးကိစ္စနှင့် နည်းပညာနှင့်သွင်းအားစုစသည်တို့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပါလျှင် အမြန်ဆုံး စတင်အကောင်အထည်ဖော်ရန်လိုပါကြောင်း၊ Demand and Supply လိုအပ်ချက်အရ Demand ရှိပြီး Supply မရှိပါက သို့မဟုတ် မလုံလောက်ပါက ကုန်ဈေးနှုန်းမှာလည်း အလိုအလျောက်ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တစ်ဖက်ကလည်း ကုန်ဈေးနှုန်းကြီးမြင့်မှုမဖြစ်စေရေး အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ဒေသအတွက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုကြောင်း၊ ယင်းသို့ လုပ်ဆောင်မှုသည် Cash For Work Program တစ်ခုအဖြစ် ဖော်ဆောင်ရာရောက်ပါကြောင်း၊ စားရေရိက္ခာ ပြည့်ဝဖူလုံမှသာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ ဝမ်းရေးအတွက် အဓိကလိုအပ်သည့် မိုးစပါးစိုက်ပျိုးရေးကိုလည်း အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် ရေဒီယိုစခန်း ၁၂၃၃ ခုရှိသည့်အနက် ၈၉၂ ခု ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်၍ ၉၉ ဒသမ ဝ၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊လျှပ်စစ်ကဏ္ဍအနေဖြင့်ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁)ဓာတ်အားလိုင်းမှ ဇွန် ၆ ရက်တွင် စစ်တွေ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၁)သို့လည်းကောင်း၊ ဇွန် ၈ ရက်တွင် စစ်တွေဓာတ်အားခွဲရုံ အမှတ်(၂) ဆက်ရိုးကျဓာတ်အားခွဲရုံသို့လည်းကောင်း ဓာတ်အားများပို့လွှတ်ခဲ့ပြီး စုစုပေါင်း ထရန်စဖော်မာ ၂၄၅ လုံးဖြင့် စစ်တွေမြို့အတွင်း ရပ်ကွက် ၃၃ ရပ်ကွက်သို့ ရာနှုန်းပြည့်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ပုဏ္ဏားကျွန်း ၁၀/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံမှ စုစုပေါင်းထရန်စဖော်မာ ၂၉ လုံးဖြင့် ဇွန် ၇ ရက်တွင် မြို့ပေါ်ရပ်ကွက်များအားလုံးသို့ ရာနှုန်းပြည့်ဓာတ်အားဖြန့်ဖြူးပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်၍လည်း ကျန်ရခိုင်ပြည်နယ်အတွင်း မြို့နယ်များကို ဇူလိုင်လ ပထမပတ်အပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ယာဉ် တစ်စီး၊ တစ်နာရီ သန့်စင်ရေဂါလန် ၈၀၀ ထွက်ရှိသော ရွှေ့လျားရေသန့်စင်ကားခြောက်စီးကို စစ်တွေ၊ မင်းပြား၊ ရသေ့တောင်မြို့တို့တွင် ဖြန့်ခွဲထားပြီး တစ်ရက်လျှင် ၈ နာရီကြာ ရေဂါလန် ၃၂၀၀၀ ခန့် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း သောက်သုံးရေ လုံလောက်စွာရရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍လည်း စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိပြီးဖြစ်သည့် Life Straw အလုံး ၂၁၀ နှင့် Mobile ရေတင်စက်များကိုလည်း အမြန်ဆုံးဖြန့်ဝေပေးရန်လိုကြောင်း။

စစ်တွေမြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ကို လိုအပ်သော သန့်ရှင်းရေးနှင့် အဆောက်အအုံပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်မှစ၍ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ အခြေခံပညာကျောင်းများကိုလည်း ဇွန် ၁ ရက်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၄၉၂၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင်ရှိသော ပြည်သူလူထုများကို မြို့နယ်ဆေးရုံ ၁၇ ရုံ၊ တိုက်နယ်ဆေးရုံ ၄၃ ရုံတွင်လည်းကောင်း၊ အထူးကုဆေးအဖွဲ့နှစ်ဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ (Rapid Response Team) ရှစ်ဖွဲ့ဖြင့်လည်းကောင်း မေ ၁၆ ရက်မှ ယနေ့ထိ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယခုချိန်ထိ ပြင်ပလူနာ ၁၇၂၃၉ ဦး၊ အတွင်းလူနာ ၃၃၅၂၇ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါကြောင်း။

သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လမ်း၊ တံတားများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဘဲ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ ခုနစ်ဖွဲ့မှ ယာယီဘေလီတံတားများ တည်ဆောက်နိုင်ရန်အတွက် မေ ၁၆ ရက်မှ စတင်ပြီး တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှစ၍ လမ်းတံတားများကို စတင်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့်ပတ်သက်၍ IDP များနှင့် ဘင်္ဂါလီများအပေါ် ထောက်ပံ့ပေးမှုများအနေဖြင့် ပြည်နယ်အစိုးရခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုခါမုန်တိုင်းဒဏ်ခံရသည့်နေရာများသို့ ကယ်ဆယ်ရေး၊ ကူညီရေး၊ ထောက်ပံ့ရေးပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံ၏ဗဟိုချက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး DMC သို့ ပေးအပ်လှူဒါန်းနိုင်ပါကြောင်း၊ ထိုအဖွဲ့မှတစ်ဆင့် ရေယာဉ်၊ လေယာဉ်များဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဖြန့်ဝေစေလိုသော လိုအပ်သည့်နေရာများကို ဆက်လက်ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်သည် နားလည်မှုလွဲမှားနိုင်သော အချက်ဖြစ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တာဝန်ပေးထားသည့် ကြီးကြပ်ရသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအနေဖြင့် သတိထား လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ Humanitarian Country Team အဖွဲ့နှင့် ကူညီရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ခြင်း၊ The Secretary General of ASEAN as the ASEAN Humanitarian Assistance Coordinator(T-AHAC) လာရောက်၍ ပျက်စီးမှုအခြေအနေများ ကြည့်ရှုမည့်အပေါ် သဘောတူခွင့်ပြုခဲ့ခြင်း၊ နိုင်ငံတကာအကူအညီများနှင့် ပတ်သက်၍ စနစ်တကျရှိစေရေး On-Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းများရှိ၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ အမြန်ဆုံး စိတ်အေးချမ်းသာစွာဖြင့် မိမိလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ရခိုင်ပြည်နယ်ကို မူလအခြေအနေထက် ပိုမိုကောင်းမွန်ရမည်ဟူသော နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ညီညွတ်သော ပေါင်းစည်းစွမ်းအားဖြင့် အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၄**

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နှင့်ဘူးသီးတောင်မြို့တို့သို့သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများ၌ဌာနဆိုင်ရာများ၊ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ မောင်တောမြို့နှင့်ဘူးသီးတောင်မြို့တို့မှ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန်တာဝန်ပေးအပ်ထားသည့် အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပျက်စီးသွားသောအဆောက်အအုံများအတွက် ဆောက်လုပ်ရေးပစ္စည်းများဖြည့်ဆည်းပေးနေမှု၊ ရိက္ခာပြတ်လပ်မှုမရှိစေရေးစီမံထားရှိမှု၊ ပျက်စီးသွားသောကျောင်းများအမြန်ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို အသီးသီးတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးအတွက် Disaster Management Centre-DMC ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကဆိုင်ရာ အဆောက်အအုံများရုံး၊ ဌာနဆိုင်ရာ အဆောက်အအုံများအလိုက် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူများအားလုံး အမိုးအကာအောက်ရောက်ရှိရေးဦးစားပေးဆောင်ရွက်နေသည့် အခြေအနေများ၊ မိုးရာသီတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်မှုနှင့် မျိုးစေ့လိုအပ်မှုအတွက် စီမံဆောင်ရွက်ပေးမှုအခြေအနေများ၊ ဇွန် ၁ ရက်အမီ ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများပြုပြင်နေဆဲကာလ ကျောင်းသား၊ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာစီမံဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြို့နယ်များအလိုက် ဆက်သွယ်မှုကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ၉၉ ရာခိုင်နှုန်းပြီးစီးခဲ့မှုအခြေအနေများ၊ အခြေခံလူတန်းစား စားဝတ်နေရေးပြေလည်စေရေး မုန်တိုင်းမတိုက်ခတ်မီအရန် ဆန်တန်ချိန် ၁၀၀၀၀(အိတ် ၂၀၀၀၀၀) စုဆောင်းခဲ့မှုအခြေအနေများ၊ ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ဌာနဆိုင်ရာများ၊ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မောင်တောမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့

**စာမျက်နှာ ၂၀ သို့**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မောင်တောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

သွားရောက်၍ ဆရာတော်၊သံဃာတော်များအားဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား ပြန်လည်ပြင်ဆင်နေမှု အခြေအနေများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မောင်တောမြို့နှင့်ဘူးသီးတောင်မြို့တို့ရှိ နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘူးသီးတောင်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။**





**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘူးသီးတောင်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးလှုအေးနှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့အဝင် ပင်လယ်ကမ်းခြေ၌ပြုလုပ်သည့် မိုးရာသီအုန်းပင်စိုက်ပွဲတော်တွင် အုန်းပင်များစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုသည်။ ထို့ပြင် ငုံးချိန်ရပ်ကွက်ရှိ ငုံးချိန်ဘုန်းတော်ကြီးကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီးစားသောက်ဖွယ်ရာများထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးလှုအေး မိုးရာသီအုန်းပင်စိုက်ပွဲတော်တွင် အုန်းပင်စိုက်ပျိုးပေးစဉ်။**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ဆီ၊ဆား၊ကြက်ဥ၊ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ



**နေပြည်တော် ဇွန် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊မျှစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး ဒေါက်တာနီကိုလိုင်းလစ်စတိုပါဒေါ့ဗ်၏နေရာတွင် မစ္စတာအီစ်ကန်ဒဲအာဇီဇော့ဗ်ကိုခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအီစ်ကန်ဒဲအာဇီဇော့ဗ် ကို ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၇၈ ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ ခုနှစ်တွင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံရှိ ဆိုဗီယက်သံရုံး၊ မလေးရှားနိုင်ငံရှိ ဆိုဗီယက်သံရုံးနှင့် အမေရိကန်ပြည်ထောင်စုရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာအီစ်ကန်ဒဲအာဇီဇော့ဗ်သည် တရုတ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကိုတတ်ကျွမ်းသည်။၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားတစ်ဦးရှိသည်။

# မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှု၊ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့အစိုးရအဖွဲ့ရိပ်သာ ပတ်ဝန်းကျင်ရှိ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သာစည်ကျေးရွာ ရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းကြီးများခုတ်ထွင်ရှင်းလင်းပေးပြီး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဥယျာဉ်သာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ပါဒလိတ်ကျေးရွာအနီး ရန်ကုန်-စစ်တွေသွား ကားလမ်းမကြီးဘေးရှိလဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေးဝဲယာရှိလဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကိုခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့ကိုသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ မြို့သစ်တောင်ရပ်ကွက် ကမ်းနားလမ်းရှိ အမှိုက်ပုံများ၊ သစ်ပင်သစ်ကိုင်းများနှင့်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများကို သောက်သုံးရေများဖြန့်ဝေပေးစဉ်။**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်း အဆို၊အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာသီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



**ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေစဉ်။**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်ပထမအစီးသည် ရခိုင်ပြည်နယ်အစိုးရမှ သစ်ခွဲသား ဆိုဒ်စုံ ၁၉၂၈ ချောင်း၊ စုစုပေါင်း ကုန်တန်ချိန် ၄၀ ကို စစ်တွေမြို့၌ တင်ဆောင်၍ မင်းပြားမြို့ဆိပ်ခံတံတားသို့ ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးသည်။

ထို့နောက် ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် မြန်မာ့သစ်လုပ်ငန်းမှ မျောချောင်း ၇၁၆ ချောင်း၊ စုစုပေါင်းကုန်တန်ချိန် ၁၈ တန်ကို စစ်တွေမြို့၌တင်ဆောင်၍ ယနေ့ နေ့လယ်ပိုင်းတွင် ဘူးသီးတောင်သို့ ထွက်ခွာသည်။

အဆိုပါ စစ်ရေယာဉ်များမှသယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားဘဲ နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ နည်းမျိုးစုံဖြင့်သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထားသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့ကို အလွယ်တကူခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များအရ တွေ့ရှိရပါသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်းပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခုအသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင်စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါး၊ ကြက်ဥ၊ လက်ဖက်၊ အကြော်စုံ၊ ဟင်းသီးဟင်းရွက်စသည့် စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းနှင့် ဆေးပစ္စည်း ၂၀ ဒသမ ၃ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် (လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၂၅ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၃၁၅ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၅-၆-၂၀၂၃ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ရွှေလရောင်သည်၎င်းအသုံးပြုသည့် "Shwe La Yaung"Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်နေ ကောင်းချမ်းသာမြင့် (ခ)အားဖူသည် ၎င်းအသုံးပြုသည့် "Kaung Chan Thar Myint" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများ ထောက်ပံ့ပေးအပ်




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် PDF အဖွဲ့ဝင် တစ်ဦးကို ဆုကြေးငွေများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား မေ ၉ ရက်မှ ၁၆ ရက်ထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို လက်ခံကြိုဆိုလျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၁ ဦးတို့သည် မောင်းပြန်သေနတ် ငါးလက်၊ပစ္စတိုသေနတ်တစ်လက်နှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗေဒါယျာသီရိခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများထံသို့ လက်နက်များအပ်နှံပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် မောင်းပြန်သေနတ်ဖြင့် အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပစ္စတိုသေနတ်ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ လက်နက်မဲ့အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများကိုလည်း အသီးသီး ပေးအပ်၍ ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများ ကိုယ်စားတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

❖ **ကျောဖုံးမှအဆက်**

ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၄ မိနစ်နှင့် ပွဲချိန် ၂၉ မိနစ်တွင် ဇင်မိုးပြည့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူပြီး ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ISPE အသင်းက ချေပဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် ဆုပြည့်ပြည့်ကျော်ကလည်းကောင်း၊ ပွဲချိန် ၇၉ မိနစ်တွင် လင်းလတ်စိုးကလည်းကောင်း ISPEအသင်းအတွက် ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ချိန်တွင် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန်မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို သုံးမိနစ်တွင် လင်းမြင့်မိုရ်က ISPE အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အလားတူ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ကစားခဲ့သည့် Sports & Education အသင်းနှင့် Young Lionesses တို့ပွဲစဉ်တွင် Sports & Education အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၁ မိနစ်နှင့် ၆၉ မိနစ်တွင် မေသက်ဦး၊ ပွဲချိန် ၄၃ မိနစ်တွင် မိုးမိုးသန်း၊ ပွဲချိန် မိနစ် ၉၀ တွင် စန္ဒာလင်းတို့က Sports & Education အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် Sports & Education အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

## ဇွန် ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၇၉၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၇၈၉ ဦး |

**နေပြည်တော် ဇွန် ၁၄**

ဇွန် ၁၃ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၂၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သန့်စင် ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား၊သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၁)

ထက်မြတ်

မိုးဦးကျဝသန်ကာလကို လူတိုင်းလိုလို ကြိုက်နှစ်သက်ကြမှာပါ။ အထူးသဖြင့် လယ်ယာထွန်ယက် စိုက်ပျိုးဖို့အတွက် အသင့်စောင့်ဆိုင်းနေကြတဲ့ ကျေးရူးရှင် လယ်ယာလုပ်သားများက မိုးကိုမျှော်လင့်နေကြပါတယ်။

မြန်မာနိုင်ငံမှာ သာမန်အားဖြင့်ဆိုရင် မေလက မိုးဦးကျကာလဖြစ်လို့ မတ်၊ ဧပြီလမှာ ဖြစ်ပေါ်ခဲ့တဲ့ ပူပြင်းခြောက်သွေ့မှုတွေလျော့ပါးစေဖို့ မိုးကိုမျှော်ကြတာ ဆန်းတော့မဆန်းပါဘူး။ ဒါပေမယ့် ဒီနှစ်အတွက်မိုးဦးကျကာလကိုတော့ ရာသီဥတုအခြေအနေက ခပ်ကြမ်းကြမ်းလေး ကိုင်လှုပ်ခဲ့တာပါ။

သို့သော်လည်း ကျွန်တော်တို့ရဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပင်လယ်ပြင်အတွင်း အချိန်နဲ့အမျှဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုအခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်တဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့အတွက် ပြင်ဆင်ချိန်ပိုရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၂၀၂၃ ခုနှစ် မေလ ၂ ရက်မှာတော့ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့မှာ လေဖိအားနည်း ရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်ချိန်ကပင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပေးခဲ့ပါတယ်။



၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပပြုလုပ်စဉ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် မေလ ၉ ရက် မြန်မာစံတော်ချိန် ၂၃၀၀ နာရီအချိန် ထုတ်ပြန်တဲ့ မုန်တိုင်းငယ်သတိပေးချက် (၁/၂၀၂၃) ကနေစပြီး သတိပေးချက်တွေကို ဆက်တိုက်ဆိုသလိုထုတ်ပြန်ခဲ့တာပါ။

ထုတ်ပြန်ချက်ထဲမှာတော့ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏တောင်-အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၄၀ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း (Nicobar Islands) ၏ အနောက် - အနောက်မြောက်ဘက် ရေမိုင် ၂၆၅ မိုင်ခန့်၊ ပို့ပလဲယား(Port Blair)၏ အနောက်တောင်ဘက်ရေမိုင် ၂၇၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ (Cox's Bazar)မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါတယ်ဆိုတဲ့ အကြောင်းပါပဲ။ အဲဒီမုန်တိုင်းရဲ့နာမည်ကတော့ မိုခါ ပါတဲ့။

အဲဒီအချိန်မတိုင်ခင် မေလ ၆ ရက်ကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ လမ်းညွှန်ချက်ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများအားလုံးပါဝင်တဲ့ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကနေ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

### အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး ဆုံးဖြတ်ချက်ချမှတ်

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေလ ၈ ရက်မှ စတင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) မှာ ဖွင့်လှစ်သွားနိုင်ရေး၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ကိစ္စကြီးငယ်အဝဝကို အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး စတဲ့ဆုံးဖြတ်ချက်တွေကိုလည်း အဲဒီအစည်းအဝေးကနေ ချမှတ်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရဲ့ အခန်းကဏ္ဍကို ဦးစွာပြောချင်ပါတယ်။ DMC က ယခုလုပ်ဆောင်နေတဲ့ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပဓာနကျတဲ့ အနေအထားမှာရှိနေတာပါ။

ကျွန်တော့်အနေနဲ့ အောက်မှာ ဆက်လက်ဖော်ပြသွားမယ့် ကဏ္ဍအသီးသီးရဲ့ လုပ်ဆောင်ချက်များဟာ DMC ရဲ့ ဦးစီးဦးဆောင်မှုအောက်ကနေ သွေဖည်သွားတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် DMC ရဲ့ လုပ်ဆောင်မှုဟာ မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်သတိပေး ပြင်ဆင်ခြင်း၊ မုန်တိုင်းတိုက်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်မှု ကိစ္စအဝဝအထိ ပါဝင်နေပါတယ်။

ဒီနေရာမှာ မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်လို့ သိရကတည်းက တပ်မတော်က မုန်တိုင်းအန္တရာယ်နဲ့ ပတ်သက်ပြီး ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့တာကို ဦးစွာတင်ပြချင်ပါတယ်။

အဲဒီအချိန်တုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးနေတဲ့ အချိန်ဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်မှုနဲ့ ပြည်သူများကို မုန်တိုင်းဒဏ်လွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးတို့ကို အင်မတန်အလေးထားတာကြောင့် ကူညီကယ်ဆယ်ရေးနဲ့ပတ်သက်ပြီး အဆိုပါခရီးစဉ်ကနေ လမ်းညွှန်မှာကြားချက်တစ်ခု ပြုခဲ့ပါတယ်။ အဲဒါကတော့ တပ်မတော်မှ အရာရှိကြီး တစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုကို ကြိုတင်ဖွဲ့စည်း စေလွှတ်ခြင်းပါပဲ။

### ယာဉ်အုပ်စု ၁၀ စု မေလ ၁၂ ရက်မှာ ရန်ကုန်မှ စတင်ထွက်ခွာ

အထူးသဖြင့် မုန်တိုင်းဝင်ရောက်ဖြတ်သန်းသွားမယ်လို့ခန့်မှန်းရတဲ့ဒေသများဆီကို ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးအနေနဲ့သွားနိုင်စေဖို့ ယာဉ်အုပ်စုများကို ဖွဲ့စည်းစေလိုက်တာပါ။ တပ်မတော်မှ အရာရှိကြီးတစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုဟာ မေလ ၁၂ ရက်မှာ ရန်ကုန်မှ စတင်ထွက်ခွာသွားကြပါတယ်။

အဲဒီယာဉ်အုပ်စုတွေထဲမှာ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ ပါဝင်ပါတယ်။

ယာဉ်အုပ်စု တစ်စုမှာ မော်တော်ယာဉ် ၁၀ စီး၊ ပွဲချိတ်စက် နှစ်လုံး၊ ဖိုက်ဘာတိုက်လှေ နှစ်စင်း၊ လွှစက် ငါးခုနဲ့ လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ ၂၆ ထည်၊ အသက်ကယ် ဗောကွင်း ၁၀ ခု၊ လူခြောက်ဦးဆံ့ မိုးကာတဲ အလုံး ၅၀၊ တာပေါ်လင်စ ၁၆၀၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာ အလုံး ၃၀၊ ထိခိုက်ဒဏ်ရာများအတွက် အရေးပေါ်ကုသဆေးများ၊ မြွေအဆိပ်ဖြေဆေးများ၊ မေးခိုင်ကာကွယ်ဆေးများ၊ ရေသန့်စင်ဆေးပြားများ၊ စာမျက်နှာ ၂၅ သို့



၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

> "တကယ်တမ်း မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရဆိုရင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ခြေမြင့်မားတဲ့မြို့တွေကို မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုမှာ ထုတ်ပြန်တာမှန်ပေမယ့် အခုတော့ မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာခဲ့ခြင်းဖြစ်လို့ ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့"

စာမျက်နှာ ၂၄ မှအဆက်

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသဆေးများ၊ အရေးပေါ်ဆက်သွယ်ရေး စက်မျိုးစုံ ၂၂ လုံး၊ ဆက်စပ်ပစ္စည်းများနဲ့ ယာဉ်ချို့ယွင်းပါက ပြင်ဆင်နိုင်ဖို့ ယာဉ်အပိုပစ္စည်းများ အပြည့်အစုံပါရှိကြတာကိုလည်း တွေ့ရပါတယ်။

**ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့်ဒေသများ အဖြစ် သတိပေးခဲ့**

အလားတူ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မုန်တိုင်းမဝင်မီ မေလ ၁၂ ရက်မှာ ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့် ဒေသများအဖြစ် သတိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်ထဲမှာတော့ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မြေပုံ၊ ပေါက်တောနဲ့ မာန်အောင်မြို့နယ်တို့ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့်ဒေသများ အဖြစ် သတိပေးခဲ့တာကို တွေ့ရပါတယ်။

တကယ်တမ်း မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေး လုပ်ငန်းစဉ်အရဆိုရင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ခြေမြင့်မားတဲ့မြို့တွေကို မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုမှာ ထုတ်ပြန်တာမှန်ပေမယ့် အခုတော့ မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာခဲ့ခြင်းဖြစ်လို့ ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့တာပါ။

မေလ ၁၄ ရက်မှာတော့ ကြိုတင်ခန့်မှန်းထားတဲ့အတိုင်းပဲ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" က စစ်တွေမြို့အနီးကနေ စတင်ဖြတ်ကျော်ဝင်ရောက်လာပါပြီ။ မေလ ၁၅ ရက် မြန်မာစံတော်ချိန် ၁၂၃၀ နာရီအချိန်မှာတော့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဟာ တရုတ်နိုင်ငံအတွင်းသို့ လေဖိအားနည်းရပ်ဝန်းအဖြစ် ဝင်ရောက်ပြီး အားလျော့သွားခဲ့ပါတယ်။

တကယ့်တကယ်တမ်း ပြန်ကြည့်ရင် မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်ချိန်ကနေ မြန်မာနိုင်ငံမှ မုန်တိုင်းထွက်ခွာသွားချိန်က နာရီပေါင်း ၃၀ ဝန်းကျင်သာ ရှိပါတယ်။ သူ့ကြောင့် ပျက်စီးမှုများက မနည်းမနောပါပဲ။ ဒါပေမယ့်လည်း ဒီလို ပြင်းအားမျိုးနဲ့ မုန်တိုင်းသာ တခြားနိုင်ငံကို ဝင်ရောက်ခဲ့တယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ပျက်စီးမှုထက် အဆပေါင်းများစွာ သာနိုင်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဟာ ပြင်းအားအဆင့် ၄ အထိ သတ်မှတ်ခံရတဲ့ မုန်တိုင်း တစ်လုံးပါ။ ဒီအဆင့်မှာ လေတိုက်နှုန်းက တစ်နာရီ မိုင် ၁၃၀ နှုန်းကနေ ၁၅၆ မိုင်နှုန်းအထိ တိုက်ခတ်နိုင်ပါတယ်။ ဒီအခြေအနေဟာ ကောင်းစွာတည်ဆောက်ထားတဲ့ နေအိမ်တွေကိုတောင်မှ ရစရာမရှိအောင်ဆိုးဆိုးရွားရွား ပျက်စီးစေတာပါ။

နိုင်ငံတစ်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ခြင်းရှိ/မရှိဆိုတာ အုပ်ချုပ်သူ အစိုးရအပေါ် များစွာမူတည်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကတော့ မြန်မာနိုင်ငံကိုဝင်ရောက်လာနိုင်တဲ့ မုန်တိုင်းက ပင်လယ်ပြင်မှာစတင်ဖြစ်ပေါ်ပါပြီဆိုကတည်းက မုန်တိုင်းတိုက်ခတ်မှုအတွင်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး လုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုများကို အမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့တာ တွေ့ရမှာပါ။

ဒီလိုကြိုတင်ပြင်ဆင်မှုများကြောင့်ပဲ မုန်တိုင်းတိုက်ခတ်မှုအတွင်း အတိုင်းအတာတစ်ခုအထိရှိတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ နည်းပါးတဲ့ လူသေဆုံးမှုသာ ရှိခဲ့တာဖြစ်ပါတယ်။

ပျက်စီးဆုံးရှုံးဆုံးမှုများနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ထားတဲ့စာရင်းများအရ တိုင်းဒေသကြီးများနဲ့ ပြည်နယ်အသီးသီးမှာ စုစုပေါင်းပျက်စီးဆုံးရှုံးမှုအနေနဲ့ လူနေအိမ် ၂၁၃၉၉၀ လုံး၊ ဘာသာရေးအဆောက်အဦ ၃၃၃၂ လုံး၊ စာသင်ကျောင်း ၁၇၃၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၃၉၈ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၄ တိုင်၊ ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ၁၄ တိုင်၊ ၆၆ ကေဗွီ ၃၈ တိုင်၊ ဓာတ်မီးတိုင် ၈၀၉၉ တိုင်၊ ထရန်စဖော်မာ ၈၃ ခု ပျက်စီးခဲ့တဲ့အပြင် လူသေဆုံးမှုအနေနဲ့ ၁၄၈ ဦး၊ ဒဏ်ရာရရှိသူ ၁၃၂ ဦး၊ တိရစ္ဆာန်သေဆုံးမှု ၂၉၀၆၁၂ ကောင် ရှိတယ်လို့ ပဏာမစာရင်းကောက်ယူရေးအဖွဲ့ရဲ့ စိစစ်ချက်အရ သိရပါတယ်။ ဆက်လက်ပြီးလည်း သေချာသည်ထက် သေချာအောင် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မုန်တိုင်းမကျမီ စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နဲ့ အမ်းမြို့တို့မှာရှိတဲ့ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ပြည်သူ ၂၃၇၀၀ ကို ရွှေ့ပြောင်းပေးခဲ့ပြီး တခြားဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းမှုအနေနဲ့ ၆၂၆၈၄၉ ဦးကို ရွှေ့ပြောင်းပေးခဲ့ပါတယ်။ အလားတူ IDP စခန်းမှ ရောက်ရှိသူများ အနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပါတယ်။ မုန်တိုင်းကြောင့် သေဆုံးသူတွေထဲမှာ ရွှေ့ပြောင်းပေးမှုအပေါ် ငြင်းဆန်ခဲ့သူတချို့ ပါဝင်ခဲ့တာလည်း တွေ့ရပါတယ်။

ဒီလို ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အစိုးရ၊ တပ်မတော်၊ ပြည်သူ အတူတကွ လက်တွဲပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးရမှာပါ။

စာမျက်နှာ ၂၆ သို့





၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကတော့ မြန်မာနိုင်ငံကိုဝင်ရောက်လာနိုင်တဲ့ မုန်တိုင်းက ပင်လယ်ပြင်မှာ စတင်ဖြစ်ပေါ်ပါပြီ ဆိုကတည်းက မုန်တိုင်းတိုက်ခတ်မှုအတွင်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး လုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုများကို အမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့တာ တွေ့ရမှာပါ**



တပ်မတော်မှ ရှေ့ပြေးကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ ထွက်ခွာစဉ်။

၉.၅.၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၂၁:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ




၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သော မုန်တိုင်းအခြေအနေပြပုံ

# ကျောက်တန်းမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်တို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပါဒကြီးကျေးရွာမဇ္ဈိမရုံနှင့် ခနောင်တိုအရှေ့ရပ်ကွက်ရှိ မဇ္ဈိမတိကျောင်းတိုက်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၂၀၊ သာသနာနွယ်ဝင်သီလရှင် ၁၅ ပါးနှင့်ဒေသခံပြည်သူ စုစုပေါင်း ၃၃၃ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊နားနှာခေါင်း၊လည်ချောင်းရောဂါ၊နှလုံးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂) မေတ္တာရေချမ်းကျောင်းတိုက်မှသံဃာတော် ၈၄ ပါးနှင့် ရပ်ကွက်နေဒေသခံပြည်သူ ၂၀ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါစစ်ဆေးပေးခြင်း၊ တီဘီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မေတ္တာရေချမ်းကျောင်းတိုက်မှ သံဃာတော်များကို ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၄**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် တောင်ကြီးတပ်နယ်နယ်မြေ-၂အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၅ မှအဆက်

အခုဆိုရင် မုန်တိုင်းတိုက်ခတ်ပြီးနောက် လုပ်ဆောင်ရတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်းမှာပင် မျှော်မှန်းထားတာထက်ပိုတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် မုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဘယ်လိုမျိုး အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့တယ်ဆိုတာ ဒီဆောင်းပါးကနေတစ်ဆင့် ဂုဏ်ယူစွာနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။

**အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ တပ်မတော်အရာရှိကြီးများနဲ့ တာဝန်ရှိသူများဟာ မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်တဲ့ မေ ၁၄ ရက်မှာပဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကို ကျင်းပပြုလုပ်ပါတယ်။

အဲဒီအစည်းအဝေးမှာ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက မုန်တိုင်းဖြစ်ပေါ်မှုနဲ့ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်မှုအခြေအနေ၊ နိုင်ငံတော်နဲ့တပ်မတော်က ဆန်နှင့်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိမှုအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ပြောင်းရွှေ့ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ဖွဲ့စည်းထားမှုအခြေအနေ၊ သတင်းများကို အချိန်နှင့်တစ်ပြေးညီရရှိရေးနဲ့ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊

☆ နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အကူအညီများ ချက်ချင်းပေး

☆ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှု မရှိစေရေး ကယ်ဆယ်ကူညီဆောင်ရွက်ပေး၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေး

သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို တင်ပြကြပါတယ်။

အဲဒီလို တင်ပြမှုတွေအပေါ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှာကြားမှုကို ကြည့်ရင် အစိုးရတစ်ရပ်က နိုင်ငံသားများအပေါ်ထားတဲ့စေတနာကို မြင်တွေ့ရမှာပါ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှာကြားမှုများထဲမှ တချို့ကို ကောက်နုတ်ပြရရင်-

"မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့် ပြင်ဆင်ထားရှိရန် လိုပါမယ်။ ဘုန်းတော်ကြီးကျောင်းများက မြို့၊ ရွာများ၏ အစွန်အဖျားနေရာများတွင်တည်ရှိကြခြင်းကြောင့် လေပြင်းများတိုက်ခတ်ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ပြင်ဆင်ပေးနိုင်ရေးဆောင်ရွက်ပေးရန်လိုပါမယ်။ မုန်တိုင်းဒဏ်ထိခိုက်သည့် ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရပါမယ်။ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုပါမယ်။ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင်မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။"

တပ်မတော်အနေဖြင့်လည်း "နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အကူအညီများ ချက်ချင်းပေးဖို့" တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်း/တပ်ဖွဲ့များကို ညွှန်ကြားထားပြီးသားပါ။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း မုန်တိုင်း စတင်ဝင်ရောက်တိုက်ခတ်တဲ့ မေလ ၁၄ ရက်မှာပဲ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် (အရေးပေါ်) အစည်းအဝေးကို ပြုလုပ်ခဲ့ပါသေးတယ်။

အဲဒီအစည်းအဝေးမှာတော့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအလွန်ကာလ လိုအပ်သည့်အကူအညီများနှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဌာနအလိုက် ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝိုင်းအဝန်းတစ်လျှောက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

မုန်တိုင်းတိုက်ခတ်မှုဖြစ်ပြီးနောက် တစ်ရက်ဖြစ်တဲ့ မေ ၁၅ ရက်မှာ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြတတ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများနဲ့အတူ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသသို့ရောက်ရှိပြီး **နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကယ်ဆယ်ကူညီဆောင်ရွက်ပေးသွားရန်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန်**နဲ့ မြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းများကို လမ်းညွှန်မှာကြားမှုပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးစီးတဲ့ ဝန်ကြီး ၃ ဦး၊ ဒုတိယဝန်ကြီး ၇ ဦးတို့ပါဝင်တဲ့ အဖွဲ့ဖြင့် မုန်တိုင်းအလွန် ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေး တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကြေညာချက်အမှတ် ၁/၂၀၂၃ ကို ထုတ်ပြန်ပြီး ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တဲ့ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုဖြစ်တဲ့ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနဲ့ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်ပါတယ်။

နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၆ ရက်မှာတော့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကုန်းတွင်းပိုင်းသို့ဖြတ်သန်းသွားရာ ချင်းပြည်နယ်ရှိ တီးတိန်၊ ပလက်ဝ၊ မတူပီနဲ့ ဟားခါးမြို့နယ်တို့ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်တာ တွေ့ရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# စစ်ရေယာဉ်တည်ဆောက်မှုတွင် အမေရိကန်ထက်သာလွန်နေသော တရုတ်နိုင်ငံ




အမေရိကန်သည် ၂၀၀၀ ပြည့်လွန်နှစ်များကတည်းက ၎င်း၏ပထမဆုံး ဖရီးဂိတ်စစ်ရေယာဉ်များ တည်ဆောက်ခြင်းဖြင့် တရုတ်ရေတပ်ကို အမီလိုက်နိုင်ရန် စီမံကိန်းရေးဆွဲထားရှိသည်။ မဟာဗျူဟာမြောက် အဆိုပါအစီအစဉ်သည် အမေရိကန်ရေတပ်၏ အင်အားလျော့နည်းလာသော စစ်ရေယာဉ်စုများနေရာတွင် ဖြည့်ဆည်းသွားရန်ရည်မှန်းထားရှိသည်။

အမေရိကန်ရေတပ် စစ်ဆင်ရေးဆိုင်ရာအကြီးအကဲရေတပ်ဗိုလ်ချုပ်ကြီး မိုက်ခ်ဂီလ်ဒေးက အမေရိကန်ရေတပ်၏သင်္ဘောတည်ဆောက်မှုကို အနည်းဆုံး ရေတပ်သင်္ဘောကျင်းနှစ်ခု၌ တစ်ခုလျှင် နှစ်စဉ် သင်္ဘောနှစ်စီးထိ တိုးမြှင့်တည်ဆောက်သွားလိုကြောင်း ဆီးနိတ်လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီသို့ ရှင်းလင်းပြောကြားသွားခဲ့သည်။ အမေရိကန်ရေတပ်တွင် Constellation အမျိုးအစား ဖရီးဂိတ်သင်္ဘောများကို အရှိန်မြှင့်တင်တည်ဆောက်သွားရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီးမိုက်ခ်၏ ပြောကြားချက် ထင်ဟပ်စေလျက်ရှိသည်။

အမေရိကန်ရေတပ်အတွက် ကနဦးအနေဖြင့် အနည်းဆုံးသင်္ဘောအစီးရေ ၂၀ ထပ်မံဖြည့်ဆည်းသွားရန် လိုအပ်လျက်ရှိသည်။ သင်္ဘောတည်ဆောက်ရေးအတွက် ဒုတိယသင်္ဘောကျင်းတစ်ခု ထပ်မံတိုးချဲ့ခြင်းသည် လာမည့် ၁၀ နှစ်ကျော်ကာလအတွင်း သင်္ဘောအစီးရေ ၄၀ တည်ဆောက်နိုင်မည်ဖြစ်သည်။ အမေရိကန်ရေတပ်သည် သင်္ဘောအစီးရေ ၅၀ ခန့် ထပ်မံဖြည့်တင်းသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

Oliver Hazard Perry အမျိုးအစား ဖရီးဂိတ်သင်္ဘောကို အနားပေးပြီးကတည်းက အမေရိကန်ရေတပ်သည် ဖရီးဂိတ်စစ်ရေယာဉ်များ တည်ဆောက်ခြင်းမရှိတော့သည့်အတွက် အထူးမစ်ရှင်ထမ်းဆောင်ရန်လိုအပ်သည့်နေရာများတွင် စွမ်းဆောင်ရည်ကွာဟချက်ဖြစ်ပေါ်လာခဲ့သည်။ Perry အမျိုးအစား ဖရီးဂိတ်သင်္ဘောသည် ၁၉၇၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်ကြားတွင် တည်ဆောက်ထားသည့် ကုန်ကျစရိတ်သက်သာသော ဒီဇိုင်းပုံစံဖြစ်ပြီး အမေရိကန်ရေတပ်၏ ဒုတိယကမ္ဘာစစ်အတွင်းက ဖျက်သင်္ဘောများနေရာတွင် အစားထိုးရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် စစ်အေးကာလတွင် စစ်ရေယာဉ်စုများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခဲ့ပြီး အရွယ်အစားနှင့် ကုန်ကျစရိတ်တို့ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

Perry အမျိုးအစား ဖရီးဂိတ်သင်္ဘော ၇၁ စီးသည် ပင်လယ်ရေကြောင်းဆိုင်ရာ တားမြစ်ဟန့်တားသည့်စစ်ဆင်ရေးများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းမှုများ၊ မိတ်ဖက်ရေတပ်များနှင့် ထိတွေ့ဆက်ဆံမှုကဲ့သို့သော မစ်ရှင်များကိုနှစ်ပေါင်း ၄၀ ကျော်ထမ်းဆောင်ခဲ့သည်။ သို့သော် အဆိုပါဖရီးဂိတ်သင်္ဘောများသည် ကြံ့ခိုင်မှုအားနည်းလာသောကြောင့် ၂၀၀၃ ခုနှစ်တွင် တာဝန်မှအနားပေးခဲ့ပြီး Perry အမျိုးအစား နောက်ဆုံးဖရီးဂိတ်သင်္ဘောကို ၂၀၁၅ ခုနှစ်တွင် အနားပေးခဲ့သည်။

အမေရိကန်ရေတပ်သည် အရေးမပါသည့် မစ်ရှင်များတွင်စွမ်းဆောင်ရည်မြင့်မားသော စစ်ရေယာဉ်များကို တပ်ဖြန့်ချထားလေ့ရှိသည်။ အမေရိကန်ရေတပ်သည် ပင်လယ်ဓားပြနှိမ်နင်းမှုစစ်ဆင်ရေးတာဝန်များတွင် Arleigh Burke ကဲ့သို့သော ဖျက်သင်္ဘောများကိုတပ်ဖြန့်ချထားခြင်းသည် အဆိုပါစစ်ရေယာဉ်များ၏စွမ်းဆောင်ရည်ကို ကျဆင်းစေသည်။ ဆိုလိုသည်မှာ အဆိုပါစစ်ရေယာဉ်များသည် ဒုံးကျည်ကာကွယ်ရေးနှင့် အခြားသောမစ်ရှင်များကို အထောက်အကူပြုသည့် အရေးပါသောအခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

ဆိုရလျှင် ဖရီးဂိတ်သင်္ဘောနှင့် ကော်ဗက်စစ်ရေယာဉ်များသည် အရွယ်အစားသေးငယ်ခြင်း၊ အမှုထမ်းအရေအတွက်နည်းပါးခြင်း၊ အာရုံခံစနစ်စွမ်းဆောင်ရည်နည်းခြင်းနှင့် လက်နက်စနစ်ခက်ခဲရှုပ်ထွေးသော်လည်း ဈေးနှုန်းသက်သာခြင်းကြောင့် သာမန်မစ်ရှင်များ ပေးအပ်ရန်အတွက် အရေအတွက်များများဝယ်ယူရန် အဆင်ပြေချောမွေ့စေသည်။

အမေရိကန်ရေတပ်အနေဖြင့် Perry အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်များနေရာတွင် ကမ်းခြေစောင့်တိုက်ခိုက်ရေးသင်္ဘော(LCS)ကော်ဗက်များနှင့် အစားထိုးရန်ကြိုးပမ်းခဲ့သော်လည်း LCS သည် လက်နက်စနစ်များ၊ ကြံ့ကြံ့ခံနိုင်မှုနှင့် သင်္ဘောဝမ်းကိုယ်ထည်ပိုင်းတို့တွင် ပြဿနာများရှိနေသောကြောင့် ထိထိရောက်ရောက်အသုံးမပြုနိုင်သဖြင့် သတ်မှတ်ချိန်ထက်စော၍ အနားပေးခဲ့ရသည်။

ထို့ကြောင့် အမေရိကန်ရေတပ်သည် ၂၀၁၆ ခုနှစ်တွင် Perry အမျိုးအစား ဖရီးဂိတ်သင်္ဘောများကို ပြန်လည်အသုံးပြုရန် စဉ်းစားသုံးသပ်ခဲ့သော်လည်း ပြုပြင်ထိန်းသိမ်းမှု၊ တပ်ဖွဲ့ဝင်နှင့်စွမ်းဆောင်ရည်ဆိုင်ရာ ပြဿနာများကြောင့် အဆိုပါအစီအမံကို ရပ်ဆိုင်းခဲ့ရသည်။ သင်္ဘောတည်ဆောက်သူများအနေဖြင့် ဖရီးဂိတ်အစိတ်အပိုင်းများကို ဆက်လက်ထုတ်လုပ်တော့မည်မဟုတ်တော့သည့်အပြင် အမှုထမ်းသစ်များကို လေ့ကျင့်ပေးခြင်းကလည်း စစ်ရေယာဉ်အသစ်များဝယ်ယူသွားမည့် အကန့်အသတ်ရှိသော အရင်းအမြစ်များကို ပိုမိုနည်းပါးလာစေမည်ဖြစ်သည်။ ပြန်လည်မွမ်းမံထားသော ဖရီးဂိတ်သင်္ဘောများသည် အဆင့်မြင့်တာဝန်ထမ်းဆောင်မည့် ရေတပ်ဆိုင်ရာစစ်ရေယာဉ်များ၏စွမ်းဆောင်ရည်များကို ဖြည့်ဆည်းပေးနိုင်စွမ်းလည်းမရှိပေ။ အမေရိကန်ရေတပ်အနေဖြင့် အပေါ့စားတာဝန်များထမ်းဆောင်ရာတွင် စွမ်းဆောင်ရည်ကွာဟချက်များဖြည့်ဆည်းပေးရန်လိုအပ်သည့်အပြင် သင်္ဘောတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အလျင်အမြန်တိုးတက်လျက်ရှိသော စစ်ရေယာဉ်များကိုအမီလိုက်နိုင်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLA-N)သည် စစ်ရေယာဉ်အစီးရေ ၃၄၀ ဖြင့် ကမ္ဘာ့အကြီးဆုံးရေတပ်ဖြစ်လာပြီး အမေရိကန်ရေတပ်သည် စစ်ရေယာဉ်အစီးရေ၂၈၀ ဖြင့် ဒုတိယအဆင့်တွင်သာ ရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စစ်ရေယာဉ်အစီးရေ ၄၀၀ ထိလည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အစီးရေ ၄၄၀ ထိလည်းကောင်း ပိုင်ဆိုင်ရန်မျှော်မှန်းထားသောကြောင့် အင်အားကြီးနှစ်နိုင်ငံကြား စစ်သင်္ဘောပိုင်ဆိုင်မှုသည် ပိုမိုကွာဟလာလျက်ရှိသည်။ တရုတ်နိုင်ငံမှ အရေအတွက်တိုးတက်လာသော သင်္ဘောများသည် ခရူဇာနှင့် ဖျက်သင်္ဘောကဲ့သို့သော တိုက်ခိုက်ရေးသင်္ဘောများပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဘိုင်ဒင်အစိုးရအဖွဲ့၏ ၂၀၂၇ ခုနှစ်တွင် သင်္ဘောအစီးရေ ၂၈၀ နှင့် ၂၀၄၅ ခုနှစ်တွင် သင်္ဘော ၃၆၅ စီးပိုင်ဆိုင်ရန် အစီအမံသည် တရုတ်နိုင်ငံ၏ စစ်သင်္ဘောအရေအတွက်နှင့်နှိုင်းယှဉ်လျှင် များစွာနည်းပါးလျက်ရှိသည်။

အမေရိကန်စစ်သင်္ဘောများသည် ပိုမိုအဆင့်မြင့်သော်လည်း အရည်အသွေးသည် အရေအတွက်နှင့် ရုပ်ပိုင်းဆိုင်ရာတည်ရှိမှုကို အစားထိုးနိုင်မည်မဟုတ်ချေ။ ဘိုင်ဒင်အစိုးရအဖွဲ့၏ ရေတပ်ဆိုင်ရာသင်္ဘောတည်ဆောက်မှုမဟာဗျူဟာတွင် ရှင်းနှီးမြှုပ်နှံမှုမရှိခြင်းသည် အမေရိကန်ရေတပ်၏ စွမ်းဆောင်ရည်ကိုကျဆင်းစေလျက်ရှိသည်။ ထို့ပြင် ဘိုင်ဒင်အစိုးရအဖွဲ့သည် အစမ်းတည်ဆောက်မှုအဆင့်သာရှိသေးသည့် မောင်းသူမဲ့ရေယာဉ်များအပေါ်တွင် ယုံကြည်မှုလွန်ကဲလျက်ရှိသည်။

အမေရိကန်အနေဖြင့် စွန့်စားလုပ်ဆောင်မှုများ အဆင်ပြေချောမွေ့ခဲ့သည့်တိုင်အောင် အမေရိကန်ရေတပ်သည် ရေယာဉ်အမှုထမ်းများလေ့ကျင့်သင်တန်းပေးရန်အတွက် စစ်ရေယာဉ်အနည်းငယ်သာ ပိုင်ဆိုင်ထားရှိသည်။ ထို့ကြောင့် စစ်သင်္ဘောအသစ်များနှင့် အစားထိုးနိုင်ခြင်းမရှိသေးမီ တာဝန်ထမ်းဆောင်ဆဲသင်္ဘောများ၏ စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းထားခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

တရုတ်၏ စစ်ရေယာဉ်စုများကို စွမ်းဆောင်ရည်မြင့်မားသော သင်္ဘောကျင်းများဖြင့် ကျားကန်ပေးထားသည်။ တရုတ်သင်္ဘောကျင်း ၁၃ ခုအနက်မှ တစ်ခု၏စွမ်းဆောင်ရည်သည် အမေရိကန်သင်္ဘောကျင်း ခုနစ်ခု၏စွမ်းဆောင်ရည်နှင့် တူညီလျက်ရှိသည်။ တရုတ်နိုင်ငံ၏ အရပ်ဘက်-စစ်ဘက်ပေါင်းစပ် မဟာဗျူဟာသည် သင်္ဘောကျင်းတစ်ခုတည်း၌ပင်လျှင် စစ်သင်္ဘောနှင့် အရပ်သင်္ဘောများကို တစ်ပြိုင်တည်းတည်ဆောက်နိုင်စွမ်းရှိစေသည်။

ထိုသို့ချဉ်းကပ်ဆောင်ရွက်ခြင်းသည် စီးပွားရေးကျဆင်းသည့်တိုင်အောင် တရုတ်နိုင်ငံ၏သင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည် စွမ်းဆောင်ရည်ပြည့်လည်ပတ်နိုင်ခြင်း၊ ရေတပ်ဆိုင်ရာသင်္ဘောများတည်ဆောက်ရာတွင် အရပ်သားဝန်ထမ်းများဖြင့် အင်ပြည့်အားပြည့်လုပ်ဆောင်နိုင်ခြင်း၊ စစ်ရေယာဉ်များတွင် အဆင့်မြင့်အရပ်ဘက်နည်းပညာများ ပေါင်းစပ်တပ်ဆင်နိုင်ခြင်း၊ အရှိန်အဟုန်ဖြင့် သင်္ဘောတည်ဆောက်နိုင်မှုစွမ်းဆောင်ရည်ကို ထိန်းသိမ်းထားနိုင်ခြင်းနှင့် တပ်မတော်ကို ခေတ်မီအောင်တည်ဆောက်ရာတွင် ပိတ်ဆို့မှုများရှောင်ရှားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလျက်ရှိသည်။

တရုတ်နိုင်ငံသည် ဒီဇိုင်းပုံစံအသစ်များဖြင့် တည်ဆောက်ထားသော စစ်ရေယာဉ်များဖြင့် ၎င်း၏ စစ်ရေယာဉ်စုများကို ကမ္ဘာတစ်ဝန်းဖြန့်ကြက်တပ်ဖြန့်ချထားပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ Type 054B ဖရီးဂိတ်သင်္ဘောကို အရေအတွက်အမြောက်အမြား ထုတ်လုပ်နိုင်ရေးနှင့် ဈေးနှုန်းကြီးမားသည့် Type 055 ခရူဇာများ၊ Type 052 ဖျက်သင်္ဘောများနှင့်အတူ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးသင်္ဘောပုံစံ ဒီဇိုင်းရေးဆွဲထားရှိသည်။

Type 054B သည် ၎င်း၏ရှေ့တွင်တည်ဆောက်ထားသော Type 054A ထက် Type 052 ဖျက်သင်္ဘောနှင့် အရွယ်အစားပိုမိုနီးစပ်သည်။ ထိုသို့အရွယ်အစားနှင့် သင်္ဘောဝမ်းပိုင်း ပိုမိုကြီးမားလာခြင်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တပ်ဖြန့်ချထားနိုင်ပြီး အမေရိကန်ရေတပ်စွမ်းအားကို အမီလိုက်နိုင်ရန် ဆန္ဒရှိနေကြောင်း ဖော်ညွှန်းလျက်ရှိသည်။

ထိုသို့ သင်္ဘောအရွယ်အစားပိုမိုကြီးလာခြင်းသည် အဆိုပါသင်္ဘောတွင် လက်နက်နှင့် လက်နက်စနစ်အသစ်များ၊ နည်းပညာများပေါင်းစပ်တပ်ဆင်နိုင်သကဲ့သို့ ပင်လယ်ရေကြောင်းပိုးလမ်းမရှိ ပထဝီနိုင်ငံရေးဆိုင်ရာစီမံကိန်း ခိုင်မာသေချာမှုရှိစေရန် ရည်မှန်းထားသည့် ကမ္ဘာလုံးဆိုင်ရာ တပ်ဖြန့်မှုအတွက် လောင်စာဆီနှင့် ပစ္စည်းများကိုလည်း ပိုမိုသယ်ဆောင်စေနိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဖရီးဂိတ်သင်္ဘောများသည် တရုတ်နိုင်ငံ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စု၏ တစ်စိတ်တစ်ဒေသအနေဖြင့်လည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **US Navy shipbuilding too little, too late to catch China by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# တင့်တယ်၏ ကမ္ဘဖလ

## ပုသိမ်အောင်သန်းဦး

ကမ္ဘဖလသည် လျှို့ဝှက်သည်းဖိုဆန်သည့် စိတ်ဝင်စားစရာဇာတ်လမ်းဖြစ်သည်။ ၁၀ သိန်းခန့်ချမ်းသာသော သူဌေးကြီး ဦးကံကောင်းသည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို သတ်မှုဖြင့် မသေမချင်းလည်ပင်း၌ကြိုးကွင်းတပ်၍သတ်စေဟု အမိန့်ချမှတ်သောအခါ ဟားတိုက်၍ရယ်ခဲ့သည်။ လူအများက သူ့ကိုရူးသွားပြီဟု ထင်မှတ်ကြသည်။ တကယ်တော့ မဟုတ်ပါ။ ဦးကံကောင်းသည် လူခုနစ်ဦးကို သွေးအေးအေးဖြင့် တစ်ဦးပြီးတစ်ဦးသတ်ဖြတ်ခဲ့စဉ်က မည်သည့်မသင်္ကာမှုကိုမျှ မခံခဲ့ရဘဲ သူသတ်ဖြတ်ခြင်းမပြုသော ဦးစိန်မောင်ကျမှ ကြိုးဒဏ်ခံရခြင်းအတွက် ဤသို့ရယ်မောခဲ့ခြင်းဖြစ်သည်။

ဦးစိန်မောင်ကို သူသတ်ဖြတ်ခြင်းမပြုခဲ့သော်လည်း သက်သေအထောက်အထားများအရ သူသတ်သည်ဆိုခြင်းမှာ ခိုင်လုံနေပေသည်။ သူ၏ဝတ်လုံများက အယူခံဝင်စေသည်။ အယူခံပယ်ချခံရလျှင် သမ္မတထံ အသနားခံစာတင်မည်ဟုဆိုသည်။ သူကား ထူးခြားလိမ့်မည်မထင်၊ အယူခံဝင်နေစဉ် ဦးကံကောင်းသည် သူ၏ဘဝဖြစ်စဉ်မှတ်တမ်းကို ရေးသားခဲ့သည်။

သူ၏ အဘိုး ဦးနကီအကြောင်းရေးသည်။ သူ့အဘိုးတွင် သားသမီးသုံးဦးရှိပုံ၊ သားကြီးဦးသြဘာသည် ဘုန်းကြီးဝတ်သွားပုံ၊ သမီးငယ် မစောလှမှာလည်း သဘင်သည်တစ်ဦးဖြင့် ခိုးရာလိုက်ပြေးပုံ၊ ထို့ကြောင့် သေခန်းဖြတ်ထားပုံ၊ ဦးနကီ၏ သားလတ်ဖြစ်သူ ဦးဒေါ်နသာလျှင် ဖခင်ဦးနကီ၏မြေရာကိုနင်းကာ လုပ်ကိုင်ဆောင်ရွက်ပုံ၊ ဦးဒေါ်နတွင် မိန်းမနှစ်ယောက်ရှိပုံ၊ ပထမဇနီးမှ မကျော့ရင်နှင့် မောင်ငြိမ်းအောင်တို့ကို မွေးဖွားခဲ့ပုံ၊ ဒုတိယဇနီးမှ အမှိုက်သော မိန်းကလေးတစ်ဦးသာမွေးဖွားခဲ့ပုံ၊ ဇနီးနှစ်ဦး သေဆုံးခဲ့သော်လည်း ဦးဒေါ်နမှာ နောက်အိမ်ထောင်မပြုပုံ။

သဘင်သည်နှင့်လိုက်ပါသွားသော သမီးလတ် မစောလှမှ သားယောက်ျားလေးမွေးပုံ၊ ဤသူမှာ ဤဝတ္ထု၏ဇာတ်လိုက်ကြီး ဦးကံကောင်းဖြစ်လာပုံ၊ ကံကောင်းကိုမွေးပြီးနောက် မိခင် ဒေါ်စောလှနှင့် အတူ သူ့အဘိုးအိမ်သို့သွားကြပုံ၊ သူ့အဘိုးက အိမ်ပေါ်မှ နှင်ချခံရပုံ၊ ဖခင်ရှိရာသို့ ပြန်သွားသောအခါ ဖခင်ဖြစ်သူက ယိမ်းသမတစ်ဦးနှင့်ဖောက်ပြန်နေပုံ၊ သားအမိနှစ်ယောက်ဒုက္ခရောက်ကြရပုံ၊ မိခင်က ဈေးရောင်းပြီး ရှာကျွေးခဲ့ပုံ၊ နောက်ဆုံး မိခင်မှာအဖျားရောဂါနှင့်ကွယ်လွန်ခဲ့ပုံ၊ ကံကောင်းမှာ ဘုန်းကြီးကျောင်းသို့ရောက်ခဲ့ပုံ၊ ကိုယ်ထူးကိုယ်ချွန်ကြိုးစားမှုဖြင့် အင်္ဂလိပ်-မြန်မာ ခုနစ်တန်းအောင်ခဲ့ပုံ၊ ဤအတွင်း အဘိုးဖြစ်သူ နေမကောင်းကြောင်း ကြားသိ၍ အဘိုးအားပြုစုရန်သွားရောက်ခဲ့ပုံ၊ အဘိုးက လက်မခံ၊ ဦးဒေါ်န၏သား ကိုငြိမ်းအောင်က သူ့ကို ထိုးကြိတ်သည်။ လူရွယ်တစ်ဦးက သေနတ်ဖြင့် ချိန်ရွယ်သည်၊ ဦးဒေါ်န၏သမီးငယ် အမှိုက်သည့် မိန်းကလေးကသာ သူ့အပေါ်ကြင်နာဟန်ပြသည်။

ကံကောင်းသည် အထည်သည်လင်မယားအိမ်သို့ ပြန်ရောက်လာသည်။ အသန့်အမည်ရှိ အထည်သည်၏ သမီးက သူ့ကိုဆေးလိမ်းပေးသည်။ နောက်သုံးလခန့်အကြာ ကံကောင်းသည် မြေတိုင်းကျောင်းတက်သည်။ ကံကောင်းနှင့်အသန့်တို့ မေတ္တာတွယ်မိကြသည်။ ကံကောင်း မြေတိုင်းကျောင်းမှဆင်းပြီး မကြာမီ အသန့်ကို ရန်ကုန်မှ ဆန်စက်ပိုင်ရှင်သား မောင်စိန်မောင်နှင့် နေရာချထားလိုကြောင်း အသန့်၏မိဘများက ကံကောင်းနှင့်တိုင်ပင်သည်။ ကံကောင်း သဘောတူလိုက်သည်။

ဂျပန်ခေတ်တွင် ကံကောင်းသည် ဗိုလ်ကျော်သူဖြစ်လာသည်။ မော်လမြိုင်မြို့ ဂျပန်စစ်ရုံးတွင် တာဝန်ထမ်းဆောင်ရသည်။ ဂျပန်ဗိုလ်မှူးကြီး ကီမူရာနှင့်အကျွမ်းတဝင်ရှိလာသည်။ သူသည် ဂျပန်များဖမ်းဆီးလာသော တရားခံများကို စစ်ဆေးရသည်။ တစ်နေ့ ဦးဒေါ်နနှင့် ငြိမ်းအောင်တို့ ရေဒီယိုမီးသီးကိစ္စနှင့် အဖမ်းခံရသည်။ ကံကောင်းမှာ အကြံနှင့်လူဖြစ်၍ ဦးဒေါ်နတို့သားအဖ လွတ်မြောက်အောင်ဆောင်ရွက်ပေးခဲ့သည်။ ဦးဒေါ်နတို့က ငွေငါးထောင်ပေးသည်။ ကံကောင်းက မယူပေ။ ရွှေဒင်္ဂါးအပြားငါးဆယ်ပေးပြန်သည် ကံကောင်းက မယူပေ။ ကံကောင်းသည် ဆွေမျိုးစာရင်းဝင်ပြန်ဖြစ်လာသည်။ ကံကောင်းကို ယုံကြည်လာသည်။ ကံကောင်းကား ဦးဒေါ်န၏သမီးငယ် အမှိုက်မှတစ်ပါး ကျန်သူအားလုံးကို သတ်ဖြတ်ရန် ဆင်ကြံကြံနေလေသည်။

ပထမဆုံး ကံကောင်းလုပ်ကြံသူမှာ ကိုမြဖေဖြစ်သည်။ သူသည် အမှိုက်ကို လက်ထပ်ရန်ချိန်နေသူဖြစ်သည်။ သူ့ကိုလုပ်ကြံရန်မှာ လွယ်ကူလှသည်။ မြဖေသည် တောလည်ဝါသနာပါသည်။ တစ်နေ့တောဝက်ပစ်သည်တွင် သူ့သေနတ်နှင့်မတော်သော ကျည်ဆန်များကို အလစ်တွင်ထည့်ထားလိုက်သည်။ ကိုမြဖေ တောဝက်ပစ်စဉ် ကျည်ဆန်ကမထွက် တောဝက်အပက်ခံရပြီး သေဆုံးခဲ့သည်။

ဒေါ်ကျော့ရင်သည် အင်းအိုင်ဆေးဝါးထိုးခြင်းကို ဝါသနာပါသည်။ သို့ဖြင့် ဆရာတစ်ယောက်က နတ်စက်ရောင်ဆေးထိုးမည်ပြုစဉ် အလစ်တွင် ဆေးထဲသို့ အဆိပ်မှုန့်ထည့်ထားလိုက်သည်။ သို့ဖြင့် ဒေါ်ကျော့ရင် သေဆုံးခဲ့သည်။

ငြိမ်းအောင်၏ သားလေးမှာ လေဆန်နာပါသည်။ ကလေးကို မှောက်ချိလျှင် ကလေးအငိုတိတ်သည်ဟု ကလေးထိန်းကို ကံကောင်းက အကြံပေးထားသည်။ ကလေးထိန်းက ကလေးအငိုတိတ်အောင်မှောက်သိပ်ရာတွင် နှာခေါင်းပိတ်ပြီးကလေးသေဆုံးရသည်။

ဘုန်းကြီးဦးသြဘာသည် ဆေးဝါးဝါသနာပါသည်။ ရန်ကုန်လာခိုက် ရွှေဟောင်းဆေးညွှန်းပေစာထုပ်တစ်ခုရသည်။ ကံကောင်းသည် ဗေဒင်ဆရာတစ်ဦးကို ရေးခိုင်းထားသော ပေစာတစ်ရွက်ကို [illegible]င်းပေစာထုပ်တွင် ညှပ်ထားလိုက်၏။ ဦးသြဘာသည် [illegible]င်းပေစာပါဆေးကို မှီဝဲရင်းပျံလွန်တော်မူသည်။

ဒေါ်ကျော့ရင်၏သား ဗိုလ်သီဟသည် ကွန်မြူနစ်များနှင့်အတူ တောခိုသွားသည်။ ကံကောင်းသည် ဗိုလ်သီဟနှင့် အဆက်အသွယ်ရအောင်ကြိုးစားသည်။ သူသည် ကွန်မြူနစ်ဝါဒကို အလွန်ကြည်ညိုကြောင်း၊ တော်လှန်ရေးအတွက် ငွေကျပ် တစ်သောင်းလှူလိုသဖြင့် ဗိုလ်သီဟကိုယ်တိုင် လာယူရန်မှာသည်။ ထို့နောက် ဗိုလ်သီဟရောက်လာသောအခါ ပုလိပ်အဖွဲ့ကို လက်တို့သည်။ ဤသို့ဖြင့် ဗိုလ်သီဟ အသေပစ်ခတ်ဖမ်းဆီးခြင်းခံရသည်။

ဦးဒေါ်နနှင့် ငြိမ်းအောင်တို့ကို လုပ်ကြံခဲ့ပုံမှာ သူတို့နှင့်အတူ မော်တော်တစ်စီးဖြင့်သွားစဉ် မော်တော်ထဲတွင် အချိန်ဖြင့်ပေါက်ကွဲသော မိုင်းထည့်ထားသည်။ ပေါက်ကွဲခါနီးသောအခါ ရေထဲသို့ သူပသျှူးဦးထုပ်ကြီး ကျလေဟန်ဖြင့် ဆင်းသက်သည်။ ဦးဒေါ်နနှင့် ငြိမ်းအောင်တို့သေဆုံးခဲ့ကြသည်။

ဤသို့ဖြင့် ဦးကံကောင်းသည် လူခုနစ်ဦးကို ပိပိရိရိ သတ်ဖြတ်ပြီး ငွေ ၁၀ သိန်းနှင့်အမှိုက်ကိုလက်ထပ်ရန်သာရှိတော့သည်။ ဤအချိန်တွင် ဦးစိန်မောင်ကို သတ်မှုဖြင့် အဖမ်းခံရခြင်းဖြစ်သည်။

ဦးကံကောင်းမှာ ရန်ကုန်တွင် ဆန်စက်လုပ်ငန်း လုပ်ကိုင်ရသည်။ ဤတွင် အသန့်နှင့်ဦးကံကောင်းတို့ ပြန်တွေ့သည်။ အသန့်မှာ လင်ဆိုးမယားတဖားဖားဖြစ်နေသည်။ ဦးစိန်မောင်သည် အရက်သောက်၊ မြင်းလောင်းဖြင့် စီးပွားရေးကျဆင်းလာသည်။

တစ်နေ့တွင် ဦးစိန်မောင် ရိုက်နှက်သဖြင့် ကံကောင်းအိမ်သို့ အသန့်ထွက်ပြေးလာသည်။ ဦးစိန်မောင် အရက်မူးမူးနှင့်ရောက်ရှိလာပြီး ကံကောင်းနှင့် အသန့်ကိုစွပ်စွဲသည်။ ထို့နောက် ဦးစိန်မောင် ခနောင်တိုသို့ ပြန်သွားသည်။ အသန့်ကိုပြောပြရာ ဦးစိန်မောင် စက်ကို မီးရှို့လိမ့်မည်ဟု အသန့်က ပြောသည်။ ဦးကံကောင်း၏ဝေစု စက်တွင်မြှုပ်နှံထားရာ ခနောင်တိုသို့ လိုက်သည်။ ခနောင်တိုသို့ ရောက်သောအခါ အသန့်နှင့် ကံကောင်းကို မသင်္ကာစွပ်စွဲရာ ကံကောင်းက လက်သီးဖြင့်ထိုးသည်။ ဦးစိန်မောင်လဲကျသွားစဉ် အိပ်ရာတွင် ကောင်းစွာသိပ်ကာ ကံကောင်းပြန်ခဲ့သည်။ နောက်တစ်နေ့တွင် ဦးစိန်မောင်ခေါင်းသို့ ပုလင်းဖြင့် ရိုက်နှက်သည့်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။ အစောင့် ဒရဝမ်အဘိုးကြီး၏ ထွက်ဆိုချက်အရ ဦးကံကောင်း ညကလာကြောင်း သက်သေခံထွက်ဆိုသည်။ ထို့ကြောင့် ဦးကံကောင်းကို လူသတ်မှုဖြင့် အဖမ်းခံရပြီး ကြိုးကွင်းစွပ်သတ်ရန် အမိန့်ချမှတ်ခြင်းခံရသည်။ အယူခံဝင်ခြင်း၊ အသနားခံစာတင်သော်လည်း မလွတ်ပေ။

သို့သော် ဆန်စက်၏ ဒရဝမ်အဘိုးကြီးသည် မြွေကိုက်ခံရပြီး သေအံ့မူးမူးအချိန်တွင် ဖြောင့်ချက်ပေးလေသည်။ ဒရဝမ်အဘိုးကြီး၏သမီးကို ဦးစိန်မောင်က ဖျက်ဆီးပြီး ကိုယ်ဝန်ရှိသောအခါ ဆန်စက်မောင်းကုလားနှင့် အခန်းတံခါးပိတ်ပေးသောကြောင့် ဒရဝမ်အဘိုးကြီးသည် ဦးကံကောင်းပြန်သွားသည်နှင့် ဦးစိန်မောင်ကိုပုလင်းဖြင့်ရိုက်ကာ သတ်ခဲ့ကြောင်းဆိုလေ၏။

ဤထွက်ဆိုချက်ကြောင့် ဦးကံကောင်းမှာ သေဒဏ်မှ ကွင်းလုံးကျွတ်လွတ်ခဲ့သော်လည်း ထောင်ထဲမှ ဝမ်းသာအားရထွက်လာရာ သူရေးသားခဲ့သော သူ့ဘဝဖြစ်စဉ်ကို ထောင်အမှုထမ်းများ ဖတ်မိကာ ပြန်လည်ဖမ်းဆီးပြီး လူခုနစ်ဦးအားသတ်မှုဖြင့် ဦးကံကောင်းကို ကြိုးပေးကွပ်မျက်ခြင်း အမိန့်ပြန်လည်ချမှတ်လိုက်လေသည်။

❖ ကမ္ဘဖလသည် ကံ၏ဆန်းကြယ်မှုကို သရုပ်ဖော်ရေးသားထားသည်ဟု ဆရာတင့်တယ်က ဆိုသော်လည်း ဝေဖန်ရေးဆရာများကမူ ဖတ်၍ ကောင်းသော လျှို့ဝှက်သည်းဖိုဝတ္ထုအဆင့်သာရှိသည်ဟု ဆိုကြသည်။ ကံအကြောင်းထက် ဥပဒေအကြောင်းကို သရုပ်ဖော်သောဝတ္ထုဖြစ်သည်ဟုလည်း ဆိုကြသည်။ ဆရာတင့်တယ်၏ ထင်ရှားသောဘာသာပြန်ဝတ္ထုများမှာ ပန်းရောင်နှင့်ပျို့တို့အချစ်တော်တို့ဖြစ်ပြီး ရွှေချစ်ငွေချစ်၊ ချစ်လင်၊ ချစ်နိုင်ငံ။ ချစ်ရမက်၊ ဖြေလျှော့ခွေ၊ ချစ်သက်လက်ဆောင် ဝတ္ထုတို့ဖြစ်သည်။ ❖

ကမ္ဘဖလသည် ကံ၏ဆန်းကြယ်မှုကို သရုပ်ဖော်ရေးသားထားသည်ဟု ဆရာတင့်တယ်က ဆိုသော်လည်း ဝေဖန်ရေးဆရာများကမူ ဖတ်၍ကောင်းသော လျှို့ဝှက်သည်းဖိုဝတ္ထုအဆင့်သာရှိသည်ဟု ဆိုကြသည်။ ကံအကြောင်းထက် ဥပဒေအကြောင်းကို သရုပ်ဖော်သောဝတ္ထုဖြစ်သည်ဟုလည်း ဆိုကြသည်။

ဆရာတင့်တယ်၏ ထင်ရှားသော ဘာသာပြန်ဝတ္ထုများမှာ ပန်းရောင်နှင့် ပျို့တို့အချစ်တော်တို့ဖြစ်ပြီး ရွှေချစ်ငွေချစ်၊ ချစ်လင်၊ ချစ်နိုင်ငံ။ ချစ်ရမက်၊ ဖြေလျှော့ခွေ၊ ချစ်သက်လက်ဆောင် ဝတ္ထုတို့ဖြစ်သည်။

ဆရာတင့်တယ်သည် ရုပ်ရှင်ဇာတ်ညွှန်းအများ ရေးသားခဲ့ပြီး ရုပ်ရှင်ဒါရိုက်တာလည်း လုပ်ခဲ့ပါသည်။

**ကိုးကား**

– **မလိခ-မြန်မာဝတ္ထုအညွှန်း**

---

# ကံမမြို့နယ် ပြောင်ကျကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကံမ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇွန် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကံမမြို့နယ် ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ ငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ပြီး ကျေးရွာကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဇွန် ၆ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၃၂၀ အိမ်၊ လူ ၁၁၀၉ ဦးတို့အတွက် သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြောပြ၍ သိရသည်။

**ယဉ်လေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...

❖ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်...

❖ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင်ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့၊ လုယက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် **Amazing Auto Co., Ltd.** က တင်သွင်းလာသော **Dongfeng Honda ENS1** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် နှစ်စီးနှင့် **Faw Toyota BZ4X** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၃ စီး စုစုပေါင်းလျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ISPE အသင်းနှင့် Sports & Education အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၁၄**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေပိုင်းက ကျင်းပခဲ့ရာ ISPE အသင်းနှင့် Sports & Education အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌

**စာမျက်နှာ ၂၃ ကော်လံ ၁ ❖**



ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။


ကျန်းမာသန့်ရှင်း ပိုးမွှားကင်းပြီး လန်းဆန်းမွေးပျံ့စေတာ
ကြာပန်းတံဆိပ် "PADONMAR" ဆပ်ပြာ...



PADONMAR
ရေမှာ "ကြာ"၊
ဆပ်ပြာမှာ "ပဒုမ္မာ"

ပေါင်မြို့နယ်၊ မွန်ပြည်နယ် 09 781 848 699 , 09 793 732 616 သို့
လက်လီ၊ လက်ကား မှာယူအားပေးနိုင်ပါပြီ...